ကြေးမုံ
The Mirror

၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ (17-2-2010) (၆၁၃၇)

# ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးကို ယမန်နေ့ နံနက်၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာမဟာသဘင်၌ စတင်ကျင်းပရာ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ဆောင်ရွက်တော်မူသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✣

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့လိုက်ပါလျက် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ရှိ ပန်းတိုင်ရေထိန်းတံခါးကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက နွေစပါးစိုက်ပျိုးရန်အတွက် စိုက်ပျိုးရေပေးဝေမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရေထိန်းတံခါးအသစ် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက တာဝန်ရှိသူများအား ရေထိန်းတံခါးအသစ် တည်ဆောက်ရေးအတွက် မြေတိုင်းတာမှုလုပ်ငန်းများ စတင်ဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ထန်းတပင်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်အကြား မိုင်တိုင်အမှတ်(၆/၄)သို့ **စာမျက်နှာ ၇ ကော်လံ ၅သို့** ✣





ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြစ်မ်းရောင်ချောင်း ပြန်လည်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာအနီး နန့်မြင်းခချောင်းပေါ်၌ တည်ဆောက်ထားသည့် ဝါရှောင်ရေလွှဲဆည်ကို တွေ့ရစဉ်။

သတင်းဆောင်းပါး - တင်ထွေး (သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - မောင်ပြုံးမြင့် (ဘီလူးမြို့)
အဆင်အပြင် ဖြိုးစန္ဒာမြင့်



# နွေစပါး တိုးချဲ့စိုက်ပျိုးရေးကို အထောက်အကူပြုလျက်ရှိသည့် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်က ဝါရှောင်ရေလွှဲဆည်

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်သည် မိုးစပါးသာမက နွေစပါးပါ အောင်မြင်ဖြစ်ထွန်းသော ဒေသတစ်ခုဖြစ်သည်။ 'ကချင်ပြည်နယ်သည် စတုတ္ထ စပါးကျီဖြစ်ရမည်' ဟူသော ရည်မှန်းချက်ကို အထောက်အကူပြု ဖြည့်ဆည်းနိုင်ရေးအတွက် ဝိုင်းမော်မြို့နယ်အနေဖြင့် ၂၀၁၀ ခုနှစ်တွင် နွေစပါး ၁၀၀၂၈ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာအနီးရှိ ဝါရှောင်ရေလွှဲဆည်မှ ရေကိုအသုံးပြု၍ ဒေသခံတောင်သူများ နွေစပါးစိုက်ပျိုးမည့် အစီအစဉ်လည်း ပါဝင်သည်။ ဝိုင်းမော်မြို့နယ်မှ ကျေးရွာ ၁၂ ရွာသည် ဝါရှောင်ရေလွှဲဆည်၏ ရေသောက်ဧရိယာအတွင်း ပါဝင်ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳

၁၇-၂-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

# ကမ္ဘာ့လူတုပ်ကွေးကာကွယ်ရေး နှိုးဆော်ချက်များလိုက်နာ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် နိုင်ငံအချို့တွင် ကူးစက်ဖြစ်ပွားလျက်ရှိရာ သေဆုံးသူများရှိကြောင်း သိရသည်။ အဆိုပါ ရောဂါရှိသူက ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ တံတွေးထွေးခြင်းတို့မှ အခြားသူ၏ အသက်ရှူလမ်းကြောင်းသို့ တိုက်ရိုက်ကူးစက်နိုင်သည်။ ထို့အပြင် လူနာ၏ နှာရည်၊ သလိပ်၊ တံတွေး၊ အသုံးအဆောင်ပစ္စည်းတို့ကို ထိတွေ့ကိုင်တွယ်မိရာမှလည်း ကူးစက်နိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရန်ကုန်တိုင်းတို့၌ A(H1N1) ပိုးရှိသူ လူနာနှင့် သံသယလူနာအချို့ကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာဆေးရုံများ၌ သီးခြားခွဲခြားထားရှိပြီး ဆေးကုသပေးလျက်ရှိသည်။ ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနနှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနတို့မှ ပညာရှင်များက ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနက ကမ္ဘာ့လူတုပ်ကွေးရောဂါ မဖြစ်ပွားရေးအတွက် သတိပေးနှိုးဆော်ချက်များကို ထုတ်ပြန်လျက်ရှိရာ ပြည်သူတိုင်းက ကျန်းမာရေးအသိဖြင့် လိုက်နာကြရမည်ဖြစ်သည်။

အဆိုပါကပ်ရောဂါသည် အဖျားရှိခြင်း၊ အပူချိန်မြင့်မားခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အစားအသောက်ပျက်ခြင်းတို့ ဖြစ်တတ်သည်။ တစ်ခါတစ်ရံ ပျို့အန်ခြင်းနှင့် ဝမ်းသွားခြင်းတို့ ဖြစ်စေတတ်သဖြင့် သံသယဖြစ်ဖွယ်တွေ့ကြုံရပါက ကျန်းမာရေးဌာနသို့ ဦးစွာဆက်သွယ်ကုသမှု ခံယူကြရမည်ဖြစ်သည်။

ကျေးရွာ၊ ရပ်ကွက်၊ နေအိမ်၊ ကျောင်းတို့တွင် ကလေးသူငယ်များ၏ ကျန်းမာရေးအခြေအနေကို ဂရုတစိုက် ကြပ်မတ်ကြည့်ရှုကြရမည်။ ကလေးတစ်ဦးဦး ဖျားနာခြင်း၊ တုပ်ကွေးရောဂါလက္ခဏာဖြစ်နေခြင်းတို့ တွေ့ရှိပါက ကျန်းမာရေးဌာနသို့ ဆောလျင်စွာ အကြောင်းကြားရမည်ဖြစ်သည်။ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ သိရှိဆောင်ရွက်နိုင်ရန် သတင်းပို့မှုလုပ်ငန်းများကို မပြတ်ပြုလုပ်ကြရမည်ဖြစ်သည်။

ကမ္ဘာ့လူတုပ်ကွေးရောဂါပိုးရှိသူ တစ်ဦးသည် အခြားသူများသို့ ကူးစက်ပျံ့နှံ့နိုင်သောကြောင့် လူစုလူဝေးရှိသည့် နေရာများသို့သွားလာခြင်းမှ ရှောင်ကြဉ်ကြရန်လိုအပ်သည်။ အစားအစာများကို ပူပူနွေးနွေးကျက်အောင် ချက်စားခြင်း၊ လတ်ဆတ်သည့် အစားအစာများ စားသုံးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ရေးသတိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာခြင်းတို့ဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။



## ဘာသာစုံဂုဏ်ထူး

**ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ အမက(၇)တာမွေ၌ မူလတန်းပညာသင်ယူခဲ့ပြီး ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သူငါးဦးအား မြို့နယ်ပညာရေးမှူး ဒေါ်ရီရီစိန်၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးအေးသန်းတို့နှင့်အတူ ဆုယူအပြီး တွေ့ရစဉ်။** (ကြေးမုံ)

# ရန်ကုန်တိုင်းမ် ဂျာနယ်ထွက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ် ဂျာနယ် အတွဲ (၆)၊ အမှတ် (၇)တွင် အပတ်စဉ်ပါနေကျဖြစ်သော Political Times အထူးအချပ်ပိုအပါအဝင် "ဤခရီးနီးပါသလား" သယ်ယူပို့ဆောင်ရေးစနစ် မြှင့်တင်ရန်အားနည်းလိုအပ်ချက်များအပေါ် မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ 'ခေတ်ဟောင်း သတင်းစာများကပြောသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ' ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီ ဖြစ်သည်။ ယင်းအပြင် ဆရာမောင်စူးစမ်း၏ " နိုင်ငံရေးအသေးစားနှင့် ဒေသပုံပြင်"၊ ဆရာနောင်ဦး ရေးသားသည့် "ကိုယ်ကျင့်တရားနှင့်နိုင်ငံရေး" စသည့် နိုင်ငံရေးအတွေးအမြင် ဆောင်းပါးများ၊ ၂၀၁၀ နှစ်ဦးတွင် သယ်နှင်းကျွန်းဈေးကြီး မီးအကြီးအကျယ်လောင်၊ မြန်မာ-တရုတ်ပူးပေါင်း၍ ရန်ကုန်မြို့ကို ကျောက်မီးသွေးဖြင့် မီးပေးနိုင်ရန် စီစဉ်၊ စက်သုံးဆီဈေးနှုန်းများ ပုဂ္ဂလိကပိုင်ပေးပြီးနောက် ဘာတွေကြုံနိုင်သလဲ၊ အမေရိကန်တက္ကသိုလ်များတွင် မဟာဘွဲ့ Fulbright ၂၀၁၀ ပညာသင်ဆု လျှောက်ထားနိုင်၊ စပါးဈေးမြင့်သဖြင့် ရန်ကုန်သို့ ဆန်အဝင်နည်းလာ၊ "၂၀၁၀ အလွန်တွင် ဘဏ်လုပ်ငန်းများ ပုဂ္ဂလိကလုပ်ကိုင်ခွင့် ပိုမိုလိုအပ်လာ" စီးပွားသုံးသပ်ဆောင်းပါး၊ "ဒိုင်နာယာဥ်တွေ မြို့ပြင်ထုတ်တာ ကောင်းသလား" Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "ဗုဒ္ဓဂယာ ဘုရားဖူးခရီး"၊ "လမ်းမခွဲကြေးက အရမ်းခံစားနေရတဲ့အချိန်မှာ ရေးဖြစ်ခဲ့တာပါ" ဩရသနှင့် လိုတိုဇာျုးစသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ဆဲလ်ဖုန်းအသုံးပြုခြင်းနှင့် ဦးနှောက်ကင်ဆာ အမှန်တကယ်ပင် ဆက်နွှယ်မှုရှိနေသလား၊ ဟိမဝန္တာရေခဲမြစ်များ အရည်ပျော်နိုင်ကြောင်း ပြောကြားချက်မှားယွင်းသဖြင့် ဝိုင်းဝန်းအပြစ်တင်၊ အီရန်၏ နျူအစီအစဉ်ကို ဖိအားပေးဆောင်ရွက်ရန် ကန်နှင့် အီတလီ ပူးတွဲကြေညာချက်ထုတ်၊ စီးပွားရေးနာလန်ထူမှု ပြန်မကျစေရန် ကားများ လျှော့ဈေးဖြင့် ရောင်းချမှုအစီအစဉ် တစ်လထပ်တိုး၊ "ရှရောရှိုင်းယားတွင် ဇနီးနှင့်သမီးကိုသတ်ပြီး မိမိကိုယ်မိမိ ကြိုးဆွဲချသတ်သေမှုဖြစ်ပွား" မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ် သူတို့က ဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာ ပါရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

| | |
|---|---|
| **ပြည်သူ့သဘောထား** | ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။<br>✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။<br>✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။<br>✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ |

# တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့် တက္ကသိုလ်များလက်ရွေးစင်

## ချစ်ကြည်ရေး အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနများ၏ တက္ကသိုလ်များလက်ရွေးစင် ချစ်ကြည်ရေးအမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





# မြန်မာ့စီးပွားရေးဘဏ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကား ပြောကြားသည်။**

ညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင် ဘဏ်ခွဲမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်၊ တိုင်း၊ ခရိုင်ဘဏ်ခွဲမန်နေဂျာများက လုပ်ငန်းဆိုင်ရာများကို တင်ပြကြသည်။

ထို့နောက် ဝန်ကြီးက မြန်မာ့စီးပွားရေးဘဏ်၏ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်မားရေးအတွက် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည့်အခြေအနေ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်ဘဏ်ခွဲမန်နေဂျာများ ဦးဆောင်၍ ဝန်ထမ်းအားလုံး စိတ်စေတနာကောင်းဖြင့် တာဝန်သိသိ သစ္စာရှိရှိ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ခေတ်မီနည်းပညာများ အကျိုးရှိစွာ အသုံးချ အကောင်အထည်ဖော်ကြရမည့် အစီအမံများကို အကျယ်တဝင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းက မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးများနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ဘဏ်ခွဲမန်နေဂျာများက မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုကိစ္စရပ်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက်အထိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)



**ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ တိုက်(၁၁)နေ ဦးသိန်းထွန်း-ဒေါ်နွဲ့နွဲ့ရီ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ် ၂၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။**
(သတင်းစဉ်)

**ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို ဇန်နဝါရီ ၂၉ရက်က မြို့နယ်စည်ပင်သာယာဈေးကြီးအတွင်း ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ထင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးသန်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (ဥစဉ)



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး ခိုင်မာအားရှိလာ၍ သာသနာတော်ကိစ္စ ဆောင်ရွက်နိုင်မှသာ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးဟူသော ရလဒ်များပေါ်ထွက်လာမည်ဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ၏ အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည်-**

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမ အစည်းအဝေးသို့ သာသနာတော်အရေးကို အလေးဂရုပြုလျက် ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာ နာယကဆရာတော် အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့ အပ္ပါဗာဓ၊ အပ္ပါတင်္က၊ လဟုဋ္ဌာနဖြစ်၍ မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီး သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်တော်မူနိုင်ကြပါစေဟု အာသီသ ပတ္ထနာပြုလျက် နှုတ်ခွန်းဆက်သပါသည်ဘုရား။

**စည်းမျဉ်းများနှင့်အညီ**

ဆရာတော်အရှင်မြတ်တို့ဘုရား။ ဤအစည်းအဝေးသည် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယက (၄၇)ပါးစုံညီ ဒသမအစည်းအဝေးဖြစ်၍ ဆဋ္ဌအကြိမ် (၆)နှစ်သက်တမ်းအတွက် ပထမသုံးနှစ်ပြည့်မြောက်သည့် အစည်းအဝေးဖြစ်ပါသည်။ ဤအစည်းအဝေး၌ ဆဋ္ဌအကြိမ် (၆)နှစ် သက်တမ်းတွင် ဒုတိယသုံးနှစ်သက်တမ်းအတွက် ၂၅%(ရာခိုင်နှုန်း)အနားယူခြင်း၊ အစားထိုး ရွေးချယ်ခြင်းများကို သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစီမံချက် စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်ဘုရား။

**စိစိစစ်စစ်ရွေးချယ်**

ထိုသို့ အစားထိုးရွေးချယ်ရာ၌ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲမထားဘဲ ဘုရားတပည့်တော်တို့၏ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းရခြင်း၏ ဦးတည်ချက် (၃)ရပ်ဖြစ်သည့် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကိစ္စများကို စိတ်ပါဝင်စား၍ စွမ်းစွမ်းတမံဆောင်ရွက်နိုင်မည့် ဗျတ္တပဋိဗလ ဖြစ်တော်မူကြသော ဆရာတော်များကိုသာ စိစိစစ်စစ်ရွေးချယ်တော်မူကြရန် အထူးလိုအပ်လှပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ သုံးနှစ်တစ်ကြိမ် ၂၅%(ရာခိုင်နှုန်း)၊ အနားယူတော်မူကြရာဝယ် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများကို စိတ်ပါဝင်စားစွာ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည့် သာသနာပြုစိတ်ဓာတ်ရှိတော်မူကြ၍ ဆောင်ရွက်နိုင်စွမ်းသော ကျန်းမာရေးနှင့်လည်း ပြည့်စုံ၊ အသက်အရွယ်တော်လည်း အလွန်မကြီးကြသေးသော ဗျတ္တပဋိဗလဖြစ်သည့် ဆရာတော်များ များစွာပါဝင်သွားသဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးအတွက် ဆောင်ရွက်တော်မူကြရသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးမှာ အင်အားများ လျော့နည်းသွားပါသည်ဘုရား။

၂၅ %(ရာခိုင်နှုန်း) စည်းမျဉ်းအရ အနားယူသွားကြသော ဆရာတော်များတွင် အသက်အရွယ်တော်လည်း အလွန်မကြီးသေး၊ ကျန်းမာရေးနှင့်လည်းပြည့်စုံ၍ သာသနာတော်အရေး အလေးပေးကာ ဆောင်ရွက်လိုသော ဆန္ဒရှိတော်မူကြသည့် ဆရာတော်များမှာ သာသနာတော်အရေးကိစ္စ ဆောင်ရွက်ခွင့်မရကြတော့သည့်အတွက် သာသနာတော်မှာ လွန်စွာဆုံးရှုံးမှု ဖြစ်ရပါသည်ဘုရား။

**ရလဒ်များပေါ်ထွက်**

အချို့အခြေခံဒေသမှ ဆရာတော်များသည် (၆)နှစ်သက်တမ်းကို သုံးနှစ်စီခွဲ၍ ကတိကဝတ်ဖြင့် ဝင်ရောက်ဆောင်ရွက်ကြပြီးလျှင် သုံးနှစ်ပြည့်သောအခါ အနားယူကြရပါသည်။ သုံးနှစ်ဟူသောကာလသည် များစွာ ကြာမြင့်လှသည်မဟုတ်ပါ။ သံဃာ့အဖွဲ့အစည်း စည်းမျဉ်းဥပဒေသ၊ လုပ်ထုံး လုပ်နည်းများကို နားလည်၍ ဆောင်ရွက်တတ်ရုံမျှဖြင့် နုတ်ထွက်ပေးလိုက်ရသဖြင့်လည်း သာသနာတော်အတွက် နစ်နာချက်တစ်ရပ်ပင်ဖြစ်ပါသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၌ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကိစ္စများကို ဓမ္မဝိနယနှင့်အညီ စွမ်းစွမ်းတမံဆောင်ရွက်တော်မူကြမည့် ဗျတ္တပဋိဗလဖြစ်သော ဆရာတော်များ များစွာပါဝင်လာမှ နိုင်ငံတော် သံဃမဟာနယကအဖွဲ့ကြီး တောင့်တင်းခိုင်မာအားရှိလာမည်ဖြစ်ပါသည်။ ဤသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးတောင့်တင်းခိုင်မာအားရှိလာ၍ သာသနာတော်ကိစ္စအဝဝတို့ကို ဓမ္မဝိနယနှင့်အညီ အောင်အောင်မြင်မြင် ဆောင်ရွက်တော်မူနိုင်ကြမှသာ တိုင်းသားပြည်သူ ရှင်လူအများ၏ ယုံကြည်ကိုးစားအားထားမှုကိုရရှိ၍ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ရခြင်း၏ ဦးတည်ချက်ဖြစ်သည့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဟူသော ရလဒ်များပေါ်ထွက်လာမည်ဖြစ်ပါသည် ဘုရား။

ယခုအခါ သာသနာတော်ကြီး၌ ထေရဝါဒပိဋကတ်တော်များနှင့် ဆန့်ကျင်သည့် အယူဝါဒများ များစွာပေါ်ပေါက်နေသည့်အတွက် မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးနောင်ရေးမှာ ရင်လေးဖွယ်ကောင်းလှပါသည်။ သို့ဖြစ်၍ ထေရဝါဒပိဋကတ်တော်နှင့် ဆန့်ကျင်သော ထိုအယူဝါဒများကိုလည်း လျစ်လျူရှုတော်မမူကြဘဲ ညီညွတ်သောသံဃာအင်အားဖြင့် ပယ်ရှားသုတ်သင်တော်မူကြရန် အလေးပေးလျှောက်ထားပါသည်ဘုရား။

**ကူညီဆောင်ရွက်**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ အနားယူသွားကြသော ဆရာတော် အရှင်မြတ်များကလည်း သာသနာတော်မှာ ပေါ်ပေါက်နေသော ပြဿနာများကို ဖြေရှင်းရန်ကိစ္စသည် ငါတို့နှင့်မသက်ဆိုင်တော့ပြီဟု ကျောခိုင်းတော်မမူကြဘဲ မိမိတို့စွမ်းနိုင်ရာဘက်မှ ကိုယ်အားဉာဏ်အားဖြင့် ပံ့ပိုးကူညီလျက် ဆောင်ရွက်တော်မူကြရန် တောင်းပန်လျှောက်ထားပါသည် ဘုရား။

သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများကလည်း သံဃာတော် အရှင်မြတ်တို့ ထေရဝါဒပိဋကတ်တော်နှင့် ညီညွတ်သည်၊မညီညွတ်သည်တို့ကို ဆင်ခြင်သုံးသပ် ဆုံးဖြတ်အပ်ပြီးသော ဓမ္မစက်ကို အကောင်အထည်ပေါ်အောင် အာဏာစက် အကူအညီပေးရန်ကိစ္စသည် သာသနာပြုကိစ္စတစ်ခုပဲဟု နှလုံးသွင်းကာ ကူညီဆောင်ရွက်ကြရန် လေးလေးနက်နက် တိုက်တွန်းပါသည်။

**ဆရာဒကာညီညာစွာ**

ဤသို့ ဆရာဒကာညီညာစွာ လက်တွဲ၍ ဆောင်ရွက်သွားကြမှသာ ဗုဒ္ဓသာသနာတော် မြတ်ကြီးသည် နတ်လူတို့၏အားထားရာ သံသရာတစ်ဖက်ကမ်းသို့ တက်လှမ်းရာ ဆိပ်ကမ်းသာကြီးဖြစ်နေမည်ဖြစ်ပါကြောင်းကို လေးလေးစားစားလျှောက်ထားပါသည် နိုင်ငံတော်သံဃမဟာနာယက ဆရာတော် အရှင်မြတ်တို့ဘုရား။

**ဘဒ္ဒန္တကုမာရ**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**



**ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမ အစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

❖ရှေ့ဖုံးမှ

အစည်းအဝေးတွင် သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာကို မြွက်ကြားတော်မူသည်။

**(ဆရာတော်အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသံဝရက တင်သွင်းလျှောက်ထားပြီး ဆောင်ရွက်ချက် အစီရင်ခံစာများကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြကာ ပထမနေ့အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဆရာတော်များက ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)က ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာ ဆောင်ရွက်ချက်များကို တင်ပြကြပြီး အဖွဲ့ဝင်ဆရာတော်များက တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ကြကာ ပထမနေ့အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပရာ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် ဘဒ္ဒန္တနန္ဒဝံသ(ဓမ္မာစရိယ) ကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမ္မာစာရက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမက လည်းကောင်း အကြံပြုဆွေးနွေးတော်မူကြသည်။

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက အကြံပြုတင်ပြလာသော ကိစ္စများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးအစီအစဉ်များကို အတည်ပြုချက်ရယူရန်ကိစ္စနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် သက်ဆိုင်ရာဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ကြပြီး ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တက္ကန္ဒသိရီက ပြန်လည်ရှင်းလင်းလျှောက်ထား၍ အတည်ပြုချက်ရယူတော်မူသည်။

ထို့နောက် ဆဋ္ဌအကြိမ်၊ ဆဋ္ဌ(လေးလပတ်) နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ ရွေးချယ်လျာထား အတည်ပြုပြင်ဆောင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ကြပြီး အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြကာ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက "ဇယန္တောဗောဓိယာမူလေ" အစချီ အောင်ဂါထာ (၂)ပိုဒ်ကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး အစည်းအဝေးကို သာဓုသုံးကြိမ်ခေါ်ဆို၍ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ယနေ့ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမ အစည်းအဝေး ဒုတိယနေ့ ဆွမ်းအလှူရှင်မှာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(အငြိမ်းစား) နှင့်ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်မိသားစုတို့ဖြစ်သည်။

(သတင်းစဉ်)

## ကွန်ပျူတာ အခြေခံသင်တန်းဆင်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ် (၁၅) သင်တန်းဆင်းပွဲအခမ်းအနားကို မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဝန်ထမ်းရေးရာနှင့် သင်တန်းဌာနခွဲညွှန်ကြားရေးမှူး ဦးညွန့်တင်**(အပေါ်ပုံ)**တက်ရောက်၍သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ဆုရရှိသူများအား ဆုများ ချီးမြှင့်၍ သင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ (၄၆၉)



# ဟဲလ်မန့်ပြည်နယ်၌ အမေရိကန် ဦးဆောင်သောတပ်ဖွဲ့များ ဆက်လက်ထိုးစစ်ဆင် တာလီဘန်တို့၏ အဓိက ခြေကုပ်စခန်းကို မကြာမီထိန်းချုပ်နိုင်ဖွယ်ရှိ

လက်ရှ်ခါဂါး ဖေဖော်ဝါရီ ၁၆

**အမေရိကန်၊ နေတိုးနှင့် အာဖဂန်တပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန့်ပြည်နယ်၌ တတိယမြောက်နေ့အဖြစ် ထိုးစစ်ဆက်လက်ဆင်နွှဲလျက်ရှိရာ တာလီဘန်စစ်သွေးကြွများ၏ အဓိကခံတပ်တစ်ခုကို မကြာမီထိန်းချုပ်နိုင်ဖွယ်ရှိကြောင်း တနင်္လာနေ့ သတင်းများတွင် ဖော်ပြသည်။**

ဟဲလ်မန့်ပြည်နယ် မာဂျာမြို့ရှိ တာလီဘန်စစ်သွေးကြွများကို အမေရိကန်၊ နေတိုးနှင့် အာဖဂန်တပ်ဖွဲ့ဝင် ၁၅၀၀၀တို့က မြေပြင်စစ်ဆင်ရေးနှင့်အတူ လေကြောင်းတိုက်ခိုက်မှုများကိုပါ လုပ်ဆောင်ခဲ့ကြသည်။

### ဖော်ပြ

မတ်စ်တာရက်ခ် စစ်ဆင်ရေးဟု အမည်ပေးထားသော အဆိုပါစစ်ဆင်ရေးအတွင်း အာဖဂန်အရပ်သား အနည်းဆုံးကိုးဦးနှင့် နေတိုးတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ပြီးဖြစ်သည်။ ထိုးစစ်စတင်ခဲ့သော စနေနေ့မှစ၍ အာဖဂန်နစ္စတန်တောင်ပိုင်း၌ ဗြိတိသျှနှင့် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးတို့သည် သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

မာဂျာမြို့တွင်းသို့ ထိုးဖောက်ဝင်ရောက်လာသော အမေရိကန်နှင့် အာဖဂန်တပ်ဖွဲ့ဝင်များကို တာလီဘန်လက်ဖြောင့်သေနတ်သမားများက လူနေအိမ်များမှ ချောင်းမြောင်းပစ်ခတ်ခဲ့ကြကြောင်း သတင်းများအရ သိရသည်။

*အင်တာနက်။*

## ဂျာမန်စားသောက်ဆိုင်

ဖေဖော်ဝါရီ ၁၃ ရက်က ဗုံးဖောက်ခွဲတိုက်ခိုက်ခံခဲ့ရသော အိန္ဒိယနိုင်ငံအနောက်ပိုင်း ပူနေးမြို့မှ ဂျာမန်စားသောက်ဆိုင် အပျက်အစီးများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



# ဟားမားစ် ထိပ်တန်းအရာရှိကို လုပ်ကြံမှုတွင် ဥရောပတိုက်သားများ ပါဝင်ပတ်သက်နေဟုဆို

ဒူဘိုင်း ဖေဖော်ဝါရီ ၁၆

ဇန်နဝါရီလအတွင်းက အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့ ဟိုတယ်တစ်ခု၌ ဟားမားစ်အဖွဲ့၏ ထိပ်တန်းအရာရှိတစ်ဦးအားလုပ်ကြံသတ်ဖြတ်မှုကို စနစ်တကျလေ့ကျင့်ထားသော လုပ်ကြံရေးအဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင့် ဒူဘိုင်းရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

### လုပ်ကြံခံရ

ဟားမားစ်အရာရှိ မာမွတ်အယ်လ်မတ်ဟိုးသည် ၎င်းတည်းခိုလျက်ရှိသော ဒူဘိုင်းဟိုတယ်တစ်ခု၏ အခန်းထဲ၌ ဇန်နဝါရီ ၂၀ရက်က လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။ ၎င်းသည် ဟားမားစ်အဖွဲ့အတွက်လက်နက်များဝယ်ယူရန် ဒူဘိုင်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

လုပ်ကြံရေး အဖွဲ့ဝင်များသည် ဥရောပ နိုင်ငံကူးလက်မှတ်များ ကိုင်ဆောင်ထားသူများဖြစ်ပြီး လုပ်ကြံမှုပြီးဆုံးပြီးနောက် ရုပ်ဖျက်၍ လေကြောင်းခရီးစဉ်တစ်ခုဖြင့် ဒူဘိုင်းမှ ချက်ချင်းပြန်လည်ထွက်ခွာသွားကြောင်း ဒူဘိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

### စဉ်းစားရန်လိုအပ်

ယင်းလုပ်ကြံမှုတွင် အစ္စရေးထောက်လှမ်းရေးအဖွဲ့(မော့ဆက်) ပါဝင်ပတ်သက်မှုရှိမရှိကို ထည့်သွင်းစဉ်းစားရန် လိုအပ်သော်လည်း လုပ်ကြံသူများအား ဖမ်းဆီးနိုင်မှသာ နောက်ကွယ်မှမည်သူ ကြိုးကိုင်သည်ကို သိရှိနိုင်မည်ဖြစ်ကြောင်း ဒူဘိုင်းရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

လုပ်ကြံခံရသော ဟားမားစ်အရာရှိသည် ၁၉၈၉ခုနှစ်က အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦးကို ပြန်ပေးဆွဲ သတ်ဖြတ်မှုတွင် တာဝန်ရှိသူဖြစ်ပြီး ၎င်းသေဆုံးရမှုတွင် အစ္စရေးနိုင်ငံ၏ ပယောဂမကင်းကြောင်း ဟားမားစ်အဖွဲ့က ပြောကြားခဲ့သည်။

*အင်တာနက်။*

# အစ္စရေးစစ်လေယာဉ်များ လက်ဘနွန်လေပိုင်နက်အတွင်း ဝင်ရောက်

ဘေရွတ် ဖေဖော်ဝါရီ ၁၆

လက်ဘနွန်လေပိုင်နက်အတွင်းသို့ ဝင်ရောက်လာသော အစ္စရေးစစ်လေယာဉ်လေးစင်းကို လက်ဘနွန်တပ်ဖွဲ့များက တနင်္လာနေ့တွင် ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း လက်ဘနွန်စစ်ဘက်က ပြောကြားသည်။

အစ္စရေး စစ်လေယာဉ်များသည် လက်ဘနွန်လေပိုင်နက်အတွင်းသို့ မကြာခဏဆိုသလို ဝင်ရောက်ကာ စစ်ဘက်ဆိုင်ရာ သတင်းအချက်အလက်များ ရယူရန် မြေပြင်အခြေအနေ လေ့လာထောက်လှမ်းမှုများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။ ယင်းသို့ လေပိုင်နက်ကျူးကျော်မှုကြောင့် အစ္စရေးနှင့် လက်ဘနွန်နိုင်ငံတို့အကြား တင်းမာမှုများ ဖြစ်ပွားခဲ့ရသည်။

လက်ဘနွန်စစ်ဘက်၏ ထုတ်ပြန်ချက်အရ အစ္စရေးစစ်လေယာဉ်များကို လက်ဘနွန်လေပိုင်နက်အတွင်းမှ ထွက်ခွာသွားစေရန် ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ယင်းလေယာဉ်များသည် လက်ဘနွန်တောင်ပိုင်းနှင့် လက်ဘနွန်အလယ်ပိုင်း ဘက်ကားတောင်ကြား ဒေသများသို့ ပျံသန်းဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

*အင်တာနက်။*



ပါကစ္စတန်နိုင်ငံ၏ လက်ရှိ တာဝန်ထမ်းဆောင်နေသော ၁၁ ဦးမြောက်သမ္မတ အဆစ်ဖ်အလီ ဇာဒါရီကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# အိန္ဒိယနှင့် ပါကစ္စတန် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကျင်းပမည်

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၆

စစ်သွေးကြွတို့၏ အန္တရာယ်ကို ကာကွယ်နိုင်ရေးအတွက် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့အကြား ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် မဖြစ်မနေလိုအပ်ကြောင်း ပါကစ္စတန်သမ္မတ အဆစ်ဖ်အလီ ဇာဒါရီက စနေနေ့တွင် ပြောကြားခဲ့သည်။

ဒေသတွင်း ပြိုင်ဘက်များအဖြစ် ကာလကြာရှည်စွာ ရပ်တည်ခဲ့သည့် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများအကြား ကျယ်ပြန့်သော ဆွေးနွေးမှုများ ပြန်လည်လုပ်ဆောင်လိုကြောင်း သမ္မတ အလီဇာဒါရီက ပြောကြားခဲ့သည်။

မွမ်ဘိုင်းတိုက်ခိုက်မှု ပြီးဆုံးပြီးနောက် ပထမဆုံးအကြိမ်အဖြစ် အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြုလုပ်ရန် နှစ်နိုင်ငံ ထိပ်တန်းသံတမန်များက သဘောတူညီခဲ့ပြီးနောက် ဇာဒါရီ၏ မှတ်ချက်ပေါ်ထွက်လာခြင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ပူနေးမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်ကို ဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းနှင့် ယင်းဖြစ်စဉ်တွင် အစ္စလာမ္မစ် စစ်သွေးကြွများ ပါဝင်ပတ်သက်မှု ရှိ၊ မရှိဟူသော မေးခွန်းများ ထွက်ပေါ်လာသော်လည်း အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့အကြား ဆွေးနွေးပွဲများကို မူလစီစဉ်ထားသည့်အတိုင်း ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံက တနင်္လာနေ့တွင် ပြောကြားသည်။

*အင်တာနက်။*

# တာလီဘန် ထိပ်တန်း ခေါင်းဆောင်တစ်ဦးကို ဖမ်းဆီးနိုင်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၆

တာလီဘန်အဖွဲ့၏ ထိပ်တန်းစစ်ဘက်ခေါင်းဆောင်တစ်ဦးကို ပါကစ္စတန်နိုင်ငံတွင် ဖမ်းဆီးနိုင်ခဲ့ကြောင်း နယူးယောက်တိုင်း သတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။ ၎င်းတို့ ပါကစ္စတန်နှင့် အမေရိကန် ထောက်လှမ်းရေးအဖွဲ့များ၏ ပူးတွဲစစ်ဆင်ရေးတစ်ခုအတွင်း ကရာချိမြို့၌ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးခဲ့ရသော မူလာအဗ္ဗဒူဂါနီ ဘာရာဒါသည် တာလီဘန်အဖွဲ့နှင့် ထိပ်တန်းခေါင်းဆောင် တစ်ဦးဖြစ်သည့်အပြင် တာလီဘန်ခေါင်းဆောင် မူလာမိုဟာမက် အိုမာပြီးလျှင် ဒုတိယမြောက် နိုင်ငံရေးခေါင်းဆောင်ဖြစ်သည်ဟု ဆိုသည်။

ဘာရာဒါသည် တာလီဘန် စစ်ကောင်စီကို ဦးဆောင်သူဖြစ်ပြီး အာဖဂန်နစ္စတန် အနောက်တောင်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် လုပ်ဆောင်လျက်ရှိသော တာလီဘန်အဖွဲ့၏ စစ်ရေးလှုပ်ရှားမှုများကို ပေါင်းကူးဆက်စပ်ပေးသူဖြစ်ကြောင်း သိရသည်။

ဘာရာဒါ၏ စစ်ရေးဦးဆောင်မှုအောက်တွင် ကန်ဒါဟာ၊ ဟဲလ်မန့်၊ နင်းရော့ဇ်၊ ဇာဘူးနှင့် ဥရုဇဂန်ပြည်နယ်များ အကျုံးဝင်သည်။ *အင်တာနက်။*

# အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်သူ ငါးဦး ဩစတြေးလျ၌ ပြစ်ဒဏ်ချမှတ်

ဆစ်ဒနီ ဖေဖော်ဝါရီ ၁၆

**ဩစတြေးလျတရားရုံးတစ်ရုံးသည် ဘာသာရေးအစွန်းရောက်ဝါဒီ ငါးဦးတို့ကို ပေါက်ကွဲစေတတ်သော ဓာတုပစ္စည်းများနှင့် ဗုံးပြုလုပ်သောပစ္စည်းများအမြောက်အမြားစုဆောင်းကာ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန် ကြံစည်မှုဖြင့် နှစ်ရှည်ထောင်ဒဏ်များ ကျခံစေရန် တနင်္လာနေ့က ချမှတ်ခဲ့သည်။**

အဆိုပါ ဘာသာရေး အစွန်းရောက် ငါးဦးတို့ကို ၂၀၀၄ခုနှစ်နှင့် ၂၀၀၅ ခုနှစ် အကြားကာလများတွင် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ အကြမ်းဖက်မှုများ လုပ်ဆောင်ရန် ကြံစည်မှုများဖြင့် လွန်ခဲ့သော နှစ်အောက်တိုဘာလက တရားစွဲဆိုခဲ့သည်။ ၎င်းတို့သည် ဩစတြေးလျနိုင်ငံဖွားများဖြစ်ကြပြီး ၎င်းတို့အားစွဲချက်တင်ထားသည်များနှင့် ပတ်သက်၍အပြစ်မရှိကြောင်း ငြင်းဆိုလျှောက်လဲခဲ့ကြသည်။

နယူးဆောက်ဝေးပြည်နယ် တရားရုံးချုပ် တာဝန်ရှိသူတစ်ဦးက အဆိုပါ ဘာသာရေး အစွန်းရောက်ငါးဦးတို့၏ အမည်နာမများကို လူသိရှင်ကြား ထုတ်ပြန်ခြင်းမပြုရန် သတင်းဌာနများကို တားမြစ်ခဲ့သည်။

အဆိုပါ ဘာသာရေး အစွန်းရောက်ငါးဦးအနက်တစ်ဦးသည် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်နိုင်ရန် ပါကစ္စတန်နိုင်ငံရှိ အကြမ်းဖက်သမား လေ့ကျင့်ရေးစခန်းတစ်ခု၌ လေ့ကျင့်ခဲ့ကြောင်း၊ အခြားသုံးဦးတို့မှာ နယူးဆောက်ဝေးပြည်နယ်၌ပင် အလားတူ သင်တန်းမျိုးကို တက်ရောက်ခဲ့ကြကြောင်း သိရသည်။ *အင်တာနက်။*

ကြေးမုံ The Mirror

## နိုင်ငံခြား သတင်းများ

# ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မှုကြောင့် ဘယ်လ်ဂျီယံတွင် ၁၈ ဦးသေဆုံး

ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၁၆

**ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ မြို့တွင်း၌ ပြေးဆွဲသော ခရီးသည်တင် ရထားနှစ်စင်း တနင်္လာနေ့က ခေါင်းချင်းဆိုင်တိုက်မိခဲ့ကြောင်း သိရသည်။ ယင်းဖြစ်ရပ်ကြောင့် အနည်းဆုံး လူ ၁၈ ဦး သေဆုံးပြီး ၅၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာက ပြောကြားသည်။**

အဆိုပါ ရထားနှစ်စင်းတို့သည် ဘရပ်ဆဲလ်မြို့၏ အနောက်တောင်ဘက် ၁၅ ကီလိုမီတာခန့် ဝေးသောဒေသ၌ နံနက်ပိုင်း အများပြည်သူ အလုပ်တက်ချိန်တွင် တိုက်မိခဲ့ခြင်းဖြစ်သည်။

ရထားတိုက်မှုကြောင့် အပြင်းအထန်ဒဏ်ရာရရှိသူများကို ဆေးရုံသို့ တင်ပို့ခဲ့ရပြီး ဒဏ်ရာမပြင်းထန်သူများကို အနီးရှိ အားကစားရုံတစ်ရုံ၌ ကုသမှုများပြုလုပ်ပေးခဲ့ရကြောင်းသတင်းတွင် ဖော်ပြသည်။

ရထားတိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် ယူရိုစတားကုမ္ပဏီသည် ဘရပ်ဆဲလ်မြို့မှ ထွက်ခွာမည့် သို့မဟုတ် မြို့တွင်း ဝင်ရောက်မည့် ၎င်း၏ မြန်နှုန်းမြင့် ရထားများ ပြေးဆွဲမှုကို ခေတ္တရပ်ဆိုင်းခဲ့ကြောင်း သိရသည်။ *အင်တာနက်။*



ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ အနောက်တောင်ဘက်တွင် ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မိခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည်ကို ဖေဖော်ဝါရီ ၁၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*





ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့၏ မှုခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပရာ မြို့နယ် ရဲတပ်ဖွဲ့မှူး ခင်မောင်စိန်က အမှုအခင်းများ ဖြစ်ပေါ်တတ်မှုအနေအထားများအား ပြည်သူများ သိရှိနိုင်ရန် ထပ်ဆင့်အသိပညာပေးနိုင်ရေး အကျယ်တဝင့်ဟောပြောစဉ်။

(၃၂၉)



ပုသိမ်မြို့ မင်းကြီးလမ်း အပိုင်းလိုက် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအား ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းရာဇာထွန်းက ဆောင်ရွက်ရာ ဖေဖော်ဝါရီ ၇ ရက်တွင် အမှုဆောင်အရာရှိဦးအောင်မင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစတင့်ဝေတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(သတင်းစဉ်)



## ပဲခူးမြို့နယ် ရွှေအင်းမြေစာကြည့်တိုက် ဖွင့်လှစ်

**ပဲခူး ဖေဖော်ဝါရီ ၁၆**

ပဲခူးမြို့နယ် ဘူးလယ်အင်းကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်ပြီးစီးသည့် ရွှေအင်းမြေစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်အား ပဲခူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်၊ ပဲခူးတိုင်း (အရှေ့) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်မောင်အေး၊ ပဲခူးတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဦး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်မောင်အေးက ဆွေးနွေးကာ ပဲခူးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဦးက စာကြည့်တိုက်အတွက် စာအုပ်စာစောင် ၂၅၀ ကို စာကြည့်တိုက်မှူးထံ ပေးအပ်လှူဒါန်းပြီး ကျေးရွာဥက္ကဋ္ဌ ဦးသန်းစိန်က ကျေးဇူးတင်စကား ပြောကြားသည်။

(ခရိုင်ပြန်/ဆက်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၇-၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "အမြတ်ဒါနပြုတတ်ပါစေ" တရားတော် (ဆရာတော်ဘဒ္ဒန္တကောဏ္ဍည)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာမေတ္တာကမ္ဘာ" (အပိုင်း-၂၄)**
- ၈း၃၀ Sports World
- ၈း၄၅ Activities In The City (အထက-၄ ကြည့်မြင်တိုင်၏ အာစရိယပူဇော်ပွဲ)
- ၉း၀၀ နတ်လူသာဓုခေါ် စေသော်ဝ် သံယာ့ဂုဏ်ရည်ကျောင်းအလှူတော်
- ၉း၁၀ ဗီဒီယိုပြခန်း
- ၉း၃၅ အားကစားမြင်ကွင်းစုံ (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သတင်းနှင့် ပြန်ကြားရေးတာဝန်ခံဦးစိုးမိုးကျော်၊ ထွန်းနေစိုး)
- ၁၀း၂၀ ပိတုန်းရောင်ကေသာဦးအတွက်. . .
- ၁၀း၃၅ Industrial Talk
- ၁၁း၀၀ ပြန်လည်တမ်းတသူ့ဘဝ အနုပညာအလှ(စာပေကဏ္ဍ)
- ၁၁း၄၅ Activities In The City -ဘူမိဗေဒ နှစ် ၃၀ ပြည့်ပုလဲရတုအာစရိယပူဇော်ပွဲ -Health Care Journal မိတ်ဆက်ပွဲအခမ်းအနား
- ၁၂း၁၀ Vancouver 2010 Olympic Winter Games
- ၁း၀၀ "အမြတ်ဒါနပြုတတ်ပါစေ" တရားတော် (ဆရာတော်ဘဒ္ဒန္တကောဏ္ဍည)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ စကားနပန်း (ယောက်ျားလေးတွေနဲ့ အရောဝင်တာကောင်းတယ်၊ အရောမဝင်တာကောင်းတယ်)
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာမေတ္တာကမ္ဘာ" (အပိုင်း-၂၄)**
- ၄း၀၅ နတ်လူသာဓုခေါ် စေသော်ဝ် သံယာ့ဂုဏ်ရည်ကျောင်းအလှူတော်
- ၄း၂၅ Activities In The City (အထက-၄ ကြည့်မြင်တိုင်၏ အာစရိယပူဇော်ပွဲ)
- ၄း၄၅ ရွှေချယ်အစုံစုံရင်သွေးရိပ်မြုံ (NIEC International Learning Center)
- ၅း၀၀ ပြန်လည်တမ်းတသူ့ဘဝ အနုပညာအလှ(စာပေကဏ္ဍ)
- ၅း၃၅ ဓာတ်ပုံထဲမှအမှတ်တရများ (မိုးမိုး၏ဓာတ်ပုံထဲမှ အမှတ်တရများ)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Vancouver 2010 Olympic Winter Games
- ၇း၁၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ(ဝေမိုး)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (ယောက်ျားလေးတွေနဲ့ အရောဝင်တာကောင်းတယ်၊ အရောမဝင်တာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာမေတ္တာကမ္ဘာ" (အပိုင်း-၂၄)**
- ၁၀း၀၀ ဓာတ်ပုံထဲမှအမှတ်တရများ (မိုးမိုး၏ဓာတ်ပုံထဲမှ အမှတ်တရများ)
- ၁၀း၂၅ ရွှေချယ်အစုံစုံရင်သွေးရိပ်မြုံ (NIEC International Learning Center)
- ၁၀း၄၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ(ဝေမိုး)
- ၁၁း၁၅ Industrial Talk
- ၁၁း၄၀ ပုံဖော်ထုဆစ်အနုလက်ရာ ကျောက်စိမ်းပန်းပုရုပ်အသွင်မှာ
- ၁၁း၅၀ မိခင်လောင်းများအတွက်အာဟာရ (ဒေါက်တာလှကြည်)
- ၁၂း၀၅ သစ်ခွ
- ၁၂း၂၀ ဇာတ္တာစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Barclays Premier League ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၂၅ | Wigan - Bolton | STAR SPORTS (Live) |
| | Wigan - Bolton | MRTV-4 (Live) |



## အမေရိကန်မောင်းသူမဲ့လေယာဉ်ပစ်ခတ်၊ သုံးဦး သေဆုံး

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၆**

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ဒေသ အာဖဂန်နယ်စပ်အနီးတွင် တနင်္လာနေ့က အမေရိကန် မောင်းသူမဲ့လေယာဉ်မှ ဒုံးကျည်ဖြင့် ပစ်ခတ်သဖြင့် အနည်းဆုံး သုံးဦး သေဆုံးသည်။

### တိုက်ရိုက်ထိမှန်

တာဝန်ရှိသူများအဆိုအရ တနင်္လာနေ့၌ တာဘီဂေါင်ဒီကာလာကျေးရွာတွင် အမေရိကန်လေယာဉ်မှ ပစ်လွှတ်သော ဒုံးကျည်သည် မော်တော်ယာဉ်တစ်စီးကို တိုက်ရိုက်ထိမှန်ခဲ့သည်ဟု သိရသည်။

### ပြောကြား

အမည်မဖော်လိုသူ ပါကစ္စတန်လုံခြုံရေးတာဝန်ရှိသူက အဆိုပါဖြစ်စဉ်တွင် စစ်သွေးကြွသုံးဦး သေဆုံးသည်ဟု တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားခဲ့သည်။ သို့သော် ဒေသတွင်းထွက်ပေါ်လာသော သတင်းများတွင် မော်တော်ယာဉ်တစ်စီးကို ဒုံးကျည် နှစ်စင်းထိမှန်ပြီး လေးဦးသေဆုံးသည် ဟုဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်မောင်းသူမဲ့ လေယာဉ်အား တပ်ဆင်နေပုံကို တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

## နေတိုးတပ်ဖွဲ့ လေကြောင်းမှတိုက်ခိုက်၊ အာဖဂန် အရပ်သားငါးဦး သေဆုံး

**ကဘူး ဖေဖော်ဝါရီ ၁၆**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ဖေဖော်ဝါရီ ၁၅ ရက်က နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်) က လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ အရပ်သား ငါးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု အိုင်အက်စ်အေအက်ဖ်က ဖေဖော်ဝါရီ ၁၅ရက် ညတွင် သတင်းထုတ်ပြန်ခဲ့သည်။




### အနီးကပ်ကြည့်ရှု

ကန်ဒါဟာပြည်နယ် ဇာရီဒေသတွင် ဖေဖော်ဝါရီ ၁၅ရက်က သောင်းကျန်းသူများဟု ယူဆရသူများကို အိုင်အက်စ်အေအက်ဖ်က လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ အရပ်သားငါးဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါလူများသည် အိုင်အီးဒီဗုံးထောင်ရန်မြေတူးဆွနေသည်ဟု အာဖဂန်နှင့် အိုင်အက်စ်အေအက်ဖ်ကင်းလှည့်တပ်ဖွဲ့က တွေ့မြင်ခဲ့ကြောင်း သတင်း၌ ဖော်ပြထားသည်။

လေကြောင်းမှ တိုက်ခိုက်ခဲ့ပြီးနောက် အာဖဂန်နှင့် အိုင်အက်စ်အေ အက်ဖ်ကင်းလှည့်အဖွဲ့သည် တိုက်ခိုက်ခဲ့သော နေရာသို့ အနီးကပ်သွားရောက်ကြည့်ရှုခဲ့ရာ အိုင်အီးဒီဗုံးများ တပ်ဆင်နေခြင်း မဟုတ်ဟုသိရှိခဲ့ရသည်ဟု ဖော်ပြထားသည်။

အဆိုပါတိုက်ခိုက်မှုသည် ဖေဖော်ဝါရီ ၁၃ရက်မှစ၍ အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟဲလ်မန့်ပြည်နယ်အနီးတစ်ဝိုက်ကို နေတိုးနှင့် အာဖဂန်နစ္စတန်တပ်ဖွဲ့အင်အား ၁၅၀၀၀ဖြင့် ဆင်နွှဲသော ထိုးစစ်နှင့် မသက်ဆိုင်ဟု ရှင်းလင်းပြောကြားခဲ့သည်။

ဟဲလ်မန့်ပြည်နယ် မာဂျက်ဒေသ အစွန်၌တည်ရှိသော အိမ်တစ်အိမ်ကို နေတိုးတပ်ဖွဲ့က ဒုံးကျည်နှစ်စင်းနှင့် ပစ်ခတ်ခဲ့ရာ အရပ်သား ၁၂ဦး သေဆုံးပြီး နောက်တစ်နေ့တွင် ယင်းသို့ လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**အာဖဂန်နစ္စတန်နိုင်ငံတွင် နေတိုးနှင့် မဟာမိတ်တပ်ဖွဲ့ဝင်များ ထိုးစစ်ဆင်နွှဲမှုကြောင့် ဒုက္ခများ ကြုံတွေ့နေရသော အရပ်သားများနှင့် ကလေးငယ်များကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## နေတိုးဒုံးကျည်ထိမှန်၍ အာဖဂန်အရပ်သား ၁၂ဦး သေဆုံး

**ကဘူး ဖေဖော်ဝါရီ ၁၆**

အာဖဂန်နစ္စတန်တောင်ပိုင်းတွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)တပ်ဖွဲ့များက တာလီဘန်တို့အား ထိုးစစ်ဆင်နေစဉ် တနင်္ဂနွေနေ့၌ ဒုံးကျည်နှစ်စင်းထိမှန်သဖြင့် အာဖဂန်အရပ်သား ၁၂ဦး သေဆုံးခဲ့သည်။

ဟဲလ်မန့်ပြည်နယ် နတ်အလီခရိုင်တွင် နေတိုးတပ်ဖွဲ့က ပစ်လွှတ်ခဲ့သော ဒုံးကျည်နှစ်စင်းသည် ပစ်မှတ်ကိုလွဲချော်ကာ လူနေအိမ်ဝင်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအရပ်သားများ သေဆုံးရခြင်းတွင် ၎င်းတို့၌ တာဝန်ရှိကြောင်း နေတိုးတပ်ဖွဲ့က ပြောကြားသည်။

သေဆုံးသူများသည် မိသားစုတစ်စုတည်းမှဖြစ်သည်ဟု ဆိုသည်။ သမ္မတဟာမစ်ကာဇိုင်းက သေဆုံးသူများအတွက် ဝမ်းနည်းကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အပံ့ပေးနေသည့် မြန်မာနိုင်ငံ၏သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းများ

တက္ကသိုလ်တင်လကျာ်

ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာကြီးကို စိမ်းလန်းသောတောကြီးများ၊ တောင်စဉ်တောင်တန်းများနှင့် အသက်ရှင်ရေးအတွက် မရှိမဖြစ်လိုအပ်သော ရေအရင်းအမြစ်၊ မြစ်ချောင်းပင်လယ်ပြင်ကြီးများဖြင့် ဝန်းရံလျက်ရှိပါသည်။ ထိုသို့ အလှအပရှုခင်းများစွာ ပြည့်စုံလျက်ရှိသော ကမ္ဘာကြီးက နှစ်ပေါင်းများစွာ လူသားတို့အတွက် တန်ဖိုးမဖြတ်နိုင်သော သဘာဝသယံဇာတများစွာကို အထောက်အပံ့ပေးလျက်ရှိပါသည်။ရှေးဦးအစကတည်းက ယင်းသဘာဝသယံဇာတများသည် လူသားတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ခဲ့ကြသည်။ သို့သော် လူဦးရေတိုးပွားလာခြင်း၊ နှစ်ပေါင်းကြာရှည်စွာ အသုံးပြုလာခဲ့ခြင်းများနှင့် လူသားတို့ မဆင်မခြင် ထုတ်ယူခြင်းများကြောင့် ပေါကြွယ်ဝခဲ့သည့် သယံဇာတအမွေအနှစ်များသည် တဖြည်းဖြည်း ပျက်စီးလျော့နည်းမှု အန္တရာယ်ကို မလွှဲမရှောင်သာ ကျွန်တော်တို့ ရင်ဆိုင်နေရပါသည်။ ထိုနည်းတူ သဘာဝသယံဇာတများသည်လည်း ပျက်စီး လျော့နည်းလျက်ရှိပါသည်။

၁၉၉၂ခုနှစ် ခန့်မှန်းချက်အရ သစ်တောဧရိယာ ဟက်တာ ခြောက်သန်းခန့် ကမ္ဘာပေါ်တွင် မညီမညာဖြန့်ကြက်ပေါက်ရောက်နေကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာပေါ်ရှိ သစ်တောဖုံးလွှမ်းနေသော ဧရိယာမှာ ၂၀၀၅ခုနှစ် သစ်တောသယံဇာတများ ဆိုင်ရာ စာရင်းကောက်ယူမှုအစီရင်ခံစာ (FRA-၂၀၀၅)အရ ဟက်တာ လေးဘီလီယံအောက်တွင်သာ ရှိတော့ကြောင်း လေ့လာသိရှိရပါသည်။ ဥပမာအားဖြင့် လူဦးရေ နှစ်ဘီလီယံရှိနေသော နိုင်ငံ ၆၄နိုင်ငံတွင် လူတစ်ဦးအတွက် သစ်တောဧရိယာ ပျမ်းမျှသည ဒသမ ၁ ဟက်တာအောက်တွင်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ သစ်တောဧရိယာ ပေါကြွယ်ဝသော နိုင်ငံ ၁၀ နိုင်ငံသည် ကမ္ဘာ့သစ်တောဧရိယာ၏ သုံးပုံနှစ်ပုံအတွင်း ပိုင်ဆိုင်ကြောင်း လေ့လာသိရှိရပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် ကမ္ဘာမြေဧရိယာ၏ ၃၀ရာခိုင်နှုန်းသာ သစ်တောဖုံးလွှမ်းလျက်ရှိကြောင်း လေ့လာသိရှိရသည်။

ကမ္ဘာ့လူဦးရေ စာရင်းဇယားများအရ ကမ္ဘာ့လူဦးရေမှာ ၁၇၅၀ ခုနှစ်က ၇၉၁သန်း ရှိခဲ့ရာမှ ၁၈၀၀ ပြည့်နှစ်တွင် ၉၇၈ သန်း၊ ၁၈၅၀ ခုနှစ်တွင် ၁၂၆၂ သန်း၊ ၁၉၀၀ပြည့်နှစ်တွင် သန်း ၁၆၅၀၊ ၁၉၅၀ခုနှစ်တွင် ၂၅၂၁ သန်း၊ ၁၉၉၉ခုနှစ်တွင် ၅၉၇၈ သန်း၊ ၂၀၀၈ခုနှစ် တွင် ၆၇၀၇ သန်း၊ ၂၀၀၉ ခု နှစ်ဆန်းတွင် ၆၇၉၃သန်းရှိကြောင်း သိရှိရသည်။ ကမ္ဘာပေါ်တွင် လူတစ်ယောက်အနေဖြင့် နေ့စဉ်အသက်ရှင်နေထိုင်စားသောက်ရေးအတွက် လိုအပ်ချက်များစွာအနက် အစာအာဟာရတစ်ခုတည်းအတွက်ပင် လူတစ်ယောက်အနေဖြင့် မွေးဖွားစဉ်မှ အသက် ၅၀ ကာလအတွင်း လောင်စာသုံးစွဲမှုမှာ ထင်းကုဗတန် ၂၀ခန့် ကုန်ကျနိုင်သည်ဟု ပညာရှင်များက တွက်ချက်ထားရာ ထိုထင်းကုဗတန် ၂၀မှ $CO_2$ ထုတ်လုပ်မှု ၃၇တန် ထွက်ရှိနိုင်သည်ဟု တွက်ချက်ထားပါသည်။

ထိုသူ၏အသက် (၇၅)နှစ်အထိ ဆက်လက်အသက်ရှင် ရပ်တည်မည်ဆိုပါက ထင်း ကုဗတန် ၃၀ခန့် လိုအပ်မည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ထို့ကြောင့် ကမ္ဘာ့လူသားတို့အတွက် သဘာဝသစ်တောများမှ ထင်းလောင်စာသုံးစွဲမှု ပမာဏအား ခန့်မှန်းကြည့်ပါက ကမ္ဘာ့လူဦးရေ အတိုင်းအတာအရ နှစ်စဉ် ထင်းလောင်စာတစ်ခုတည်းအတွက်ပင်လျှင် သစ်တောများ များစွာ ပျက်စီးလျော့နည်းနိုင်ကြောင်း လေ့လာတွက်ချက် သိရှိနိုင်ပါသည်။ ကမ္ဘာပေါ်ရှိ သစ်တောများပျက်စီးရခြင်း၏ အဓိကအကြောင်းရင်းများမှာ စနစ်တကျမှန်ကန်သော သစ်တောစီမံအုပ်ချုပ်မှု မရှိခြင်း၊ လူဦးရေတိုးပွားလာခြင်း၊ စိုက်ပျိုးမြေများ တိုးချဲ့လာခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် တည်ဆောက်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ထင်းလောင်စာအတွက် သစ်တောများ အလွန်အကျွံ ခုတ်လှဲခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အချို့တိုင်းပြည်များတွင် သစ်တောသယံဇာတများ ရှားပါးလာလျက်ရှိပြီး တည်ဆောက်ရေး ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက်သာမက ကျန်းမာအပန်းဖြေ နေထိုင်ရေးအတွက် သဘာဝ အလှအပ ခံစားနိုင်မည့် အခွင့်အရေးများကိုပါ ဆုံးရှုံးနစ်နာလျက်ရှိပါသည်။ ထို့ကြောင့် သဘာဝအလှအပရှုခင်းခံစားနိုင်မည့် နေရာဒေသများ ပြန်လည်ထိန်းသိမ်းရန် ကြိုးစားခဲ့ကြပြီး သဘာဝခရီးသွားလုပ်ငန်းများ စတင်တည်ထောင်လျက် ရှိကြပါသည်။ သဘာဝခရီးသွားလုပ်ငန်းများသည် နှစ်စဉ် တစ်နှစ်ထက်တစ်နှစ် အောင်မြင်တိုးပွားလာလျက်ရှိပြီး အချို့နိုင်ငံများအတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေနိုင်မည့် အခွင့်အလမ်းတစ်ခု ဖြစ်လာခဲ့ပါသည်။ သာဓကအားဖြင့် ကနေဒါနိုင်ငံသည် အမေရိကန်ဒေါ်လာသန်း ၈၀၀ကို သားငှက် တိရစ္ဆာန်၊ ငါးလုပ်ငန်း၊ အပန်းဖြေနေရာများဆိုင်ရာ သဘာဝခရီးသွားလုပ်ငန်းများမှ ရှာဖွေပေးလျက်ရှိကြောင်း လေ့လာသိရှိရသည်။

## ကမ္ဘာ့သစ်တောများနှင့် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း

ကမ္ဘာပေါ်တွင် တန်ဖိုးမဖြတ်နိုင်သော သဘာဝရတနာသိုက် သစ်တောကြီးများနှင့် နိုင်ငံအလိုက် တည်ထောင်ထားသော အမျိုးသားဥယျာဉ်ကြီးများသည် ကမ္ဘာပေါ်ရှိ လူသားတိုင်းအတွက် ကိုယ်စိတ်နှလုံးအပန်းဖြေမှုများအား ရယူခံစားနိုင်သော နေရာများ ဖြစ်ပါသည်။ မြို့ပြများတွင် လူဦးရေထူထပ်ခြင်း၊ ယာဉ်ယန္တရားများနှင့် စက်ရုံအလုပ်ရုံများမှ $CO_2$ ဓာတ်ငွေ့များ၊ CFC ဓာတ်ငွေ့များ ထုတ်လွှတ်မှုကို လူတို့ ထိတွေ့ခံစားနေရခြင်း၊ လူတို့၏ နေ့စဉ်မြားမြောင်လှသော လူမှုကိစ္စများကြောင့် စိတ်ဖိစီးမှုများ များပြားလာခြင်း တို့အတွက် မြို့ပြနှင့် နေအိမ်ပြင်ပ အပန်းဖြေနေရာများမှာ သဘာဝကိုအခြေခံသော ခရီးသွား လုပ်ငန်းများအဖြစ် တည်ရှိနေပြီဖြစ်ပါသည်။ အထူးသဖြင့် အပူပိုင်းဇုန်သစ်တောများမှ ထူးခြားသောသဘာဝအနေအထားများ၊ ကြွယ်ဝသော ဇီဝမျိုးစုံမျိုးကွဲများ၊ လှပဆန်းကြယ်သော ရှုခင်းများသည် လူသားတို့အတွက် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း၏ လွန်စွာကောင်းမွန်သော ဆွဲဆောင်မှုများပင် ဖြစ်ကြပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုကုန်သွယ်ရေးလုပ်ငန်းများမှရရှိသော ဝင်ငွေစုစုပေါင်း၏ သုံးပုံတစ်ပုံကို ခရီးသွားလုပ်ငန်းမှရရှိပြီး ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာ့အကြီးဆုံးဝင်ငွေလုပ်ငန်းဖြစ်မည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့မှ (World Tourism Organization –WTO, 1989)က ခန့်မှန်းခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာခရီးသွားများ၏ (International Tourists) အရေအတွက်မှာ သန်း ၃၉၀ရှိခဲ့ရာ ၎င်းလုပ်ငန်းများမှ အလုပ်အကိုင်နေရာ ၇၄သန်း ဖန်တီးပေးပြီး ပြည်တွင်းပြည်ပဝင်ငွေ အမေရိကန်ဒေါ်လာ ၁၉၅ ဘီလီယံ ရရှိစေခဲ့ကြောင်း သိရှိရသည်။ ယင်းမှ ၁၀ရာခိုင်နှုန်းခန့်ကို သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism) ပါဝင်သည့် စွန့်စားခရီးသွားခြင်း(Adventure Tour)က ရရှိခဲ့ပြီး ယင်းလုပ်ငန်းသည် နှစ်စဉ် ၃၀ရာခိုင်နှုန်း တိုးတက်လျက်ရှိကြောင်း သိရှိရပါသည် (FAO-1994)။ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းသည် လူမှုရေး၊ နိုင်ငံရေးနှင့် ပတ်ဝန်းကျင်ရေးဆိုင်ရာ ကျယ်ပြန့်သော အကျိုးကျေးဇူးများပါ ရရှိနိုင်သော ကောင်းမွန်သည့် စီးပွားရေးအခွင့်အလမ်းတစ်ခု ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

## သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းအား အထောက်အကူပြုနေသည့် မြန်မာနိုင်ငံရှိ ခေတ်အဆက်ဆက် သဘာဝသစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများ

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက သဘာဝသစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို အစဉ်သဖြင့် ထိန်းသိမ်းကာကွယ်လာခဲ့ခြင်းကြောင့် ယနေ့အချိန်အထိ သဘာဝသစ်တောကြီးများနှင့် ဇီဝမျိုးစုံမျိုးကွဲအမျိုးမျိုးကို တွေ့မြင်နေရဆဲဖြစ်သည်။ မြန်မာနိုင်ငံ၏ မြောက်ဘက်ပိုင်းတွင် တောင်ပေါ်တောများ၊ နှင်းဖုံးတောင်တန်းကြီးများရှိပြီး အလယ်ပိုင်းတွင် ရွက်ပြတ်ရောနှော တောစို၊ တောခြောက်များ၊ တောင်ပိုင်းတွင် အပူပိုင်းမုတ်သုံသစ်တောကြီးများနှင့် ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်တွင် ဒီရေတောများ၊ သန္တာကျောက်တန်းများ ပေါများစွာတွေ့ရှိရသည်။ တန်ဖိုးကြီးမားပြီး ကမ္ဘာကျော် အပူပိုင်းဒေသသစ်မျိုးတစ်မျိုးဖြစ်သော မြန်မာ့ကျွန်းသစ်ပေါက်ရောက်ရာ သဘာဝကျွန်းတောကြီးများကို မြန်မာနိုင်ငံတွင် တွေ့မြင်နေရဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် မှတ်တမ်းတင်ထားသော အပင်ကြီးမျိုးပေါင်း ၇၀၀၀ ကျော်ရှိသည့်အနက် အပင်မျိုးပေါင်း ၁၀၇၀ ကျော်သည် ဒေသမျိုးများဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ဝါးမျိုးပေါင်း ၁၀၀ ကျော်ခန့်၊ ကြိမ်အမျိုးပေါင်း ၃၀ နှင့် သစ်ခွမျိုးပေါင်း ၈၀၀ ကျော်ခန့်ရှိကြောင်း သိရှိရသည်။ မြန်မာနိုင်ငံသည် ဂေဟစနစ် ပေါကြွယ်ဝသည့်နည်းတူ ငှက်အမျိုးပေါင်း ၁၀၅၀ကျော်၊ ကုန်းနေသတ္တဝါ ၃၀၀ခန့်နှင့် တွားသွားသတ္တဝါ ၄၀၀ကျော်၊ လိပ်ပြာမျိုးစိတ် ၁၀၀၀ကျော်၊ ငါးမျိုးစိတ် ၈၀၀ကျော်၏ နေရင်းဒေသတစ်ခုဖြစ်ပါသည်။ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန အနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့နိုင်ရေးနှင့် ဂေဟစနစ်တည်ငြိမ်ရေးတို့အတွက် ဘေးမဲ့တောများ၊ အမျိုးသားဥယျာဉ်များနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကို တည်ထောင်လျက်ရှိပါသည်။ ခေတ်နှင့် မလျော်ညီတော့သည့် "၁၉၃၆ ခုနှစ် တောရိုင်းတိရစ္ဆာန်များ အက်ဥပဒေကို ၁၉၉၄ခုနှစ် တောရိုင်းတိရစ္ဆာန်များ၊ အပင်များနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ"ဖြင့် အစားထိုးပြင်ဆင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများအနေဖြင့် နိုင်ငံနှင့်အဝန်း ဖွင့်လှစ်ထားရှိခဲ့ရာ နိုင်ငံတကာမှလာရောက်သည့် သဘာဝကို အခြေခံသော ခရီးသွားများအနေဖြင့် အောက်ပါခရီးသွားစခန်းများအတိုင်း သွားရောက်အပန်းဖြေ လေ့လာနိုင်ပါသည် -

**(က) ခါကာဘိုရာဇီအမျိုးသားဥယျာဉ် တည်နေရာမှာ -**

ကချင်ပြည်နယ် နောင်မွန်မြို့နယ်တွင် တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် ၁၄၇၂ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ နေပြည်တော်မှ ၁၀၃၃မိုင်၊ ရန်ကုန်မြို့မှ ၁၂၇၃ မိုင်၊ မန္တလေးမြို့မှ ၈၅၃မိုင် ကွာဝေးပြီး ရထား၊ ကား၊ လေယာဉ်ဖြင့် သွားရောက်နိုင်ပါသည်။ လေ့လာနိုင်သည့် အခွင့်အလမ်းများမှာ ရေခဲတောင်ဂေဟစနစ်၊ ထင်းရှူးတောများ၊ သမပိုင်း သစ်တောဂေဟစနစ်များ၊ တောရိုင်းတိရစ္ဆာန်များ၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများကို လေ့လာနိုင်ပါသည်။

**(ခ) အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တည်နေရာမှာ -**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၃၁၅ စတုရန်းမိုင် ကျယ်ဝန်း၍ နေပြည်တော်မှ ၁၀၃၃ မိုင်၊ ရန်ကုန်မြို့မှ ၇၇၂မိုင်၊ မန္တလေးမြို့မှ ၃၈၂မိုင်ကွာဝေး၍ လေယာဉ်၊ ရထား၊ ကားဖြင့် သွားလာနိုင်သည်။ လေ့လာနိုင်သည့် အခွင့်အလမ်းများမှာ ရေတိမ်ဒေသ ဂေဟစနစ်၊ ရေပျော်ငှက်များ၊ ဆောင်းခိုငှက်များ၊ ရှားပါးငါးမျိုးစိတ်များ၊ ဆေးဖက်ဝင်အပင်များအား လေ့လာနိုင်ပြီး ရေလယ်ရှိ ရွှေမဥ္ဇူဘုရားသို့ သွားရောက်ဖူးမြော်နိုင်ပါသည်။

**(ဂ) ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တည်နေရာမှာ -**

စစ်ကိုင်းတိုင်း ကန့်ဘလူနှင့် ကောလင်းမြို့နယ်များတွင် တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် ၁၀၄ စတုရန်းမိုင် ကျယ်ဝန်းပြီး နေပြည်တော်မှ မိုင် ၃၅၀၊ ရန်ကုန်မြို့မှ ၆၅၇မိုင်၊ မန္တလေးမြို့မှ မိုင် ၁၆၀ကွာဝေးပြီး ရထား၊ ကားများဖြင့် သွားလာနိုင်သည်။ လေ့လာနိုင်သော အခွင့်အလမ်းများမှာ အင်တိုင်းတော ဂေဟစနစ်နှင့် ရွှေသမင်များ နေထိုင်ကျက်စားမှုတို့ဖြစ်ပါသည်။

**(ဃ) အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၏ တည်နေရာမှာ -**

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်၊ ကနီမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် ပုလဲမြို့နယ်တို့တွင် တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် ၆၁၇ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ နေပြည်တော်မှ ၃၂၅မိုင်၊ ရန်ကုန်မြို့မှ မိုင် ၅၈၀၊ မန္တလေးမြို့မှ ၁၇၅မိုင် ကွာဝေးလျက် ကားဖြင့်သွားလာနိုင်သည်။ ရန်ကုန် နှင့် နေပြည်တော်မှ မန္တလေးသို့ လေယာဉ်ဖြင့်သွားပြီး ထိုမှဆက်၍ ကားဖြင့် သွားလာနိုင်သည်။ လေ့လာနိုင်သော အခွင့်အလမ်းများမှာ ရွက်ပြတ်ရောနှောတော၊ အင်တိုင်းတော၊ ထင်းရှူးတောများ၏ ဂေဟစနစ်၊ သဘာဝအတိုင်း ကျက်စားနေထိုင်သည့် တောရိုင်းတိရစ္ဆာန်မျိုးများကို ကြည့်ရှုလေ့လာနိုင်ပြီး ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ အလောင်းတော်ကဿပကို ဖူးမြော်ကြည်ညိုနိုင်ပါသည်။

**(င) အမျိုးသားကန်တော်ကြီးဥယျာဉ်၏ တည်နေရာမှာ -**

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်တွင် တည်ရှိပြီး သုည ဒသမ၆၈ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ နေပြည်တော်မှ မိုင် ၂၂၀၊ ရန်ကုန်မြို့မှ မိုင် ၄၇၀ ကွာဝေးပြီး လေယာဉ်၊ ရထား၊ ကားဖြင့် သွားလာနိုင်ပါသည်။ မန္တလေးမြို့မှ ၄၂ မိုင် အကွာတွင်တည်ရှိပြီး ကားဖြင့် သွားလာနိုင်ပါသည်။ အမျိုးသားကန်တော်ကြီးဥယျာဉ်မှာ မြန်မာနိုင်ငံ၏ ထင်ရှားသော ရုက္ခဗေဒဥယျာဉ်ကြီး တစ်ခု ဖြစ်ပါသည်။ ထို့ပြင် ဥယျာဉ်အတွင်း၌ သစ်ခွဥယျာဉ်၊ လိပ်ပြာပြတိုက်၊ အင်ကြင်းပြတိုက်၊ ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်များအား လေ့လာနိုင်ပါသည်။

**(စ) အမျိုးသားအထိမ်းအမှတ်ဥယျာဉ် တည်နေရာမှာ -**

မန္တလေးတိုင်း ပြင်ဦးလွင်တွင် တည်ရှိ၍ လေ့လာနိုင်သည့် အခွင့်အလမ်းများအနေဖြင့် မြန်မာနိုင်ငံရှိ ပုံစံငယ် သမိုင်းဝင်စေတီပုထိုးများ၊ ယဉ်ကျေးမှု အဆောက်အအုံများ၊ ရှေးဟောင်းနန်းတော် အထင်ကရ သဘာဝ ပထဝီ ဘူမိရုပ်သွင်များ၏ ပုံစံငယ်များ၊ သစ်ပင်ပန်းမန်များအား လေ့လာနိုင်ပါသည်။

**(ဆ) နတ်မတောင်အမျိုးသားဥယျာဉ်၏ တည်နေရာမှာ -**

မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ်နှင့် မတူပီမြို့နယ်တို့တွင် တည်ရှိပါသည်။ ၂၇၉ စတုရန်းမိုင်ကျယ်ဝန်းပြီး နေပြည်တော်မှ မိုင် ၃၅၀၊ ရန်ကုန် မြို့မှ မိုင်၄၆၀၊ မန္တလေးမြို့မှ မိုင် ၃၅၀ကွာဝေး၍ ကားဖြင့်သွားလာနိုင်ပါသည်။ လေ့လာနိုင်သည့် အခွင့်အလမ်းများမှာ တောင်ပေါ်အမြဲစိမ်းတောနှင့် ဆဗာနားမြက်ခင်း ဂေဟစနစ်၊ ရှားပါးသစ်ခွ၊ ငှက်မျိုးစိတ်များ၊ ဒေသခံ ချင်းလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံများကိုလည်း လေ့လာနိုင်ပါသည်။

**(ဇ) ပုပ္ပားတောင်ဥယျာဉ်တည်နေရာမှာ -**

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်တွင် တည်ရှိပြီး ၄၉ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ နေပြည်တော်မှ မိုင် ၁၈၀၊ ရန်ကုန်မြို့မှ မိုင် ၄၁၀ ကွာဝေးပြီး ရထား၊ ကားဖြင့်သွားလာနိုင်ပါသည်။ မန္တလေးမြို့မှ မိုင် ၁၇၀ ကွာဝေး၍ ကားဖြင့်သွားလာနိုင်ပါသည်။ လေ့လာနိုင်သောအခွင့်အလမ်းများအနေဖြင့် အပူပိုင်းဒေသသစ်တော ဂေဟစနစ်အမျိုးမျိုး၊ ဆေးဖက်ဝင် အပင်များ၊ မျောက်မျက်ကွင်းဖြူများ နေထိုင်ကျက်စားမှု၊ ရိုးရာယုံကြည်ကိုးကွယ်မှု နတ်ကွန်းနတ်နန်းများ၊ ဂေါက်သီးရိုက်ကစားခြင်းနှင့် မြင်းစီးခြင်းတို့ ဖြစ်ပါသည်။

**(ဈ) ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တည်နေရာမှာ -**

မကွေးတိုင်း မင်းဘူးမြို့နယ်၊ စေတုတ္တရာမြို့နယ်၊ စကုမြို့နယ်နှင့် ငဖဲမြို့နယ်တို့တွင် တည်ရှိပြီး ၂၁၃ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ နေပြည်တော်မှ ၃၂၅ မိုင်၊ မန္တလေးမြို့မှ ၂၄၅ မိုင် ကွာဝေး၍ ကားဖြင့် သွားလာနိုင်ပါသည်။ ရန်ကုန်မြို့မှ ၃၈၅ မိုင် ကွာဝေးပြီး လေယာဉ်၊ ကားဖြင့် သွားလာနိုင်ပါသည်။ လေ့လာနိုင်သည့် အခွင့်အလမ်းများမှာ ရွှေသမင်နှင့် ကြယ်လိပ်များ ကျက်စားရာ ဂေဟစနစ်ကို လေ့လာနိုင်ပါသည်။ ရွှေစက်တော်ရှိ ဘုရားခြေတော်ရာနှစ်ဆူမှာ ထင်ရှားပါသည်။

**(ည) အင်းလေးကန်ဘေးမဲ့တော တည်နေရာမှာ -**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် ဖယ်ခုံ မြို့နယ်တို့တွင် တည်ရှိ၍ ၂၄၈ စတုရန်းမိုင် အကျယ်အဝန်းတွင် တည်ရှိပါသည်။ နေပြည်တော်မှ မိုင် ၂၄၀ ကွာဝေး၍ ကားဖြင့် သွားလာနိုင်ပြီး ရန်ကုန်မြို့မှ မိုင် ၄၃၀၊ မန္တလေးမြို့မှ မိုင် ၂၄၀ ကွာဝေးပြီး လေယာဉ်၊ ကားဖြင့် သွားလာနိုင်ပါ သည်။ လေ့လာနိုင်သည့် အခွင့်အလမ်းများမှာ ဖောင်တော်ဦးဘုရား၊ ရေတိမ် ဒေသ ဂေဟစနစ်၊ တိုင်းရင်းသားတို့ ယဉ်ကျေးမှုရိုးရာဓလေ့များနှင့် ရေပျော်ငှက်မျိုးများကိုလည်း လေ့လာနိုင်ပါသည်။

**(ဋ) ဖိုးကျားဆင်စခန်း၏ တည်နေရာမှာ -**

ပဲခူးတိုင်း ရေတာရှည်မြို့နယ်တို့တွင်တည်ရှိပြီး နေပြည်တော်မှ မိုင် ၇၀၊ ရန်ကုန်မြို့မှ ၂၁၅ မိုင်၊ မန္တလေးမြို့မှ မိုင်၂၆၀ကွာဝေး၍ ရထားဖြင့်လည်းကောင်း၊ ကားဖြင့်လည်းကောင်း သွားလာနိုင်ပါသည်။ သဘာဝကျွန်းတောများ ကြည့်ရှု လေ့လာခြင်းနှင့် ဆင်များ၏ သဘောသဘာဝကို လေ့လာနိုင်ပါသည်။

**(ဌ) မိုးယွန်းကြီးအင်းဘေးမဲ့တော တည်နေရာမှာ -**

ပဲခူးတိုင်း ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်တွင်တည်ရှိပြီး စတုရန်းမိုင် ၄၀ ကျယ်ဝန်း၍ နေပြည်တော်မှ မိုင် ၁၈၀၊ ရန်ကုန်မြို့မှ မိုင် ၇၀ ကွာဝေး၍ ရထား၊ ကားဖြင့် သွားလာနိုင်သည်။ မန္တလေးမြို့မှ မိုင် ၃၃၀ အကွာတွင်တည်ရှိ ပြီး လေယာဉ်၊ ရထား၊ ကားဖြင့် သွားလာနိုင်ပါသည်။ လေ့လာနိုင်သည့် အခွင့်အလမ်းများမှာ ရေတိမ်ဒေသဂေဟစနစ်၊ ရေပျော်ငှက်များနှင့် ဆောင်းခိုငှက်များကို လေ့လာနိုင်ပါသည်။

**(ဍ) မြိုင်ဟေဝန်ဆင်စခန်း၏ တည်နေရာမှာ -**

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်တွင်တည်ရှိ၍ သုည ဒသမ၀၂စတုရန်းမိုင် ကျယ်ဝန်းပါသည်။ နေပြည်တော်မှ ၃၂၃ မိုင် ကွာဝေး၍ လေယာဉ်၊ ရထား၊ ကားဖြင့် သွားလာနိုင်ပြီး၊ ရန်ကုန်မြို့မှ ၇၃ မိုင် အကွာတွင်တည်ရှိပြီး ကားဖြင့် သွားလာနိုင်ပါသည်။ လေ့လာနိုင်သည့် အခွင့်အလမ်းများမှာ တောဆင်ရိုင်းများ ဖမ်းဆီးခြင်း၊ ဆင်များအား လိမ္မာယဉ်ကျေးရန် လေ့ကျင့်သင်ကြားပေးခြင်း၊ တောတောင်ရေမြေနှင့် တောရိုင်းတိရစ္ဆာန်များကို လေ့လာနိုင်ပါသည်။

**(ဎ) လှော်ကားဥယျာဉ်၏ တည်နေရာမှာ -**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်တွင်တည်ရှိပြီး ၂ဒသမ၄၁ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ နေပြည်တော်မှ မိုင်၂၄၀၊ မန္တလေးမြို့မှ မိုင်၄၄၀ ကွာဝေး၍ လေယာဉ်၊ ရထား၊ ကားဖြင့် သွားလာနိုင်သည်။ ရန်ကုန်မြို့မှ မိုင်၂၀အကွာတွင် တည်ရှိပြီး ကားဖြင့် သွားလာနိုင်ပါသည်။ လေ့လာနိုင်သော အခွင့်အလမ်းများမှာ တိရစ္ဆာန်များ၏ သဘာဝအတိုင်းနေထိုင်ကျက်စားမှု၊ အပျော်တမ်းလှေစီးခြင်းတို့ ဖြစ်ပါသည်။

**(ဏ) ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ တည်နေရာမှာ -**

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်တွင် တည်ရှိပြီး အကျယ်အဝန်းအားဖြင့် သုည ဒသမ ၁၁ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ နေပြည်တော်မှ ၂၄၄မိုင်၊ မန္တလေးမြို့မှ မိုင် ၄၃၀ကွာဝေးပြီး လေယာဉ်၊ ရထား၊ ကားဖြင့် သွားလာနိုင်ပါသည်။ လေ့လာနိုင်သည့် အခွင့်အလမ်းများမှာ သဘာဝသမိုင်းပြတိုက်၊ တိရစ္ဆာန်မျိုးစုံ၊ အပျော်တမ်း ဆင်စီးခြင်း၊ ရထားလုံးစီးခြင်း၊ မြွေအလိမ္မာပြပွဲနှင့် ဆင်ကပွဲများကို လေ့လာနိုင်ပါသည်။

**(တ) မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ တည်နေရာမှာ -**

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်တွင် တည်ရှိပြီး ၅၃စတုရန်းမိုင် ကျယ်ဝန်း၍ နေပြည်တော်မှ မိုင် ၃၄၀ ကွာဝေးပါသည်။ လေယာဉ်၊ ရထား၊ ကားဖြင့် သွားလာနိုင်ပြီး ရန်ကုန်မြို့မှ မိုင် ၉၀ ကွာဝေး၍ ရေယာဉ်၊ ကားဖြင့် သွားလာနိုင်ပါသည်။ လေ့လာနိုင်သည့် အခွင့်အလမ်းများမှာ ဒီရေတောဂေဟစနစ်၊ မိကျောင်း၊ နို့တိုက်သတ္တဝါများနှင့် ရေနေသတ္တဝါများကို လေ့လာနိုင်ပါသည်။

ယနေ့ ကမ္ဘာကြီးပူနွေးစေသည့် ကာဗွန်ထုတ်လုပ်မှု၏ ၂၀ရာခိုင်နှုန်းသည် သစ်တောပြုန်းတီးမှုမှ ဖြစ်ပေါ်နေသည်ဟု သိရပါသည်။ ၎င်းအပြင် ကာဗွန်ထုတ်လုပ်မှု ကာဗွန်ဒိုင်အောက်ဆိုဒ်စုပ်ယူမှုအား အထောက်အပံ့ပေးနေသည့် သစ်တောထိန်းသိမ်းကာကွယ်ခြင်း၊ ရေထိန်းသိမ်းကာကွယ်ခြင်း၊ မြေတိုက်စားမှုကာကွယ်ခြင်းတို့သည် ကမ္ဘာကြီးပူနွေးမှု (Global Warming)ကို လျော့ကျစေပြီး စီးပွားရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများကိုလည်း ထိန်းသိမ်းပေးနေသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာများကို အထောက်အပံ့ပြုလျက်ရှိပါသည်။

ယနေ့အခါ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းသည် လူအချင်းချင်း ချစ်ခင်ကြင်နာမှု၊ အပြန်အလှန်နားလည်မှုများပါ ရရှိနိုင်ပါသည်။ သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း (Ecotourism Site) များသည် မြန်မာနိုင်ငံရှိ သဘာဝတောများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ထားသည့် ခံစစ်စခန်းများအဖြစ် ဖော်ညွှန်းနိုင်ပါသည်။ အလားတူ မြန်မာနိုင်ငံ၏ (Smoke-less Factories) မီးခိုးမဲ့စက်ရုံများဟု တင်စားခေါ်ဝေါ်နိုင်သော သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းစခန်း (Ecotourism Site) များသည် မြန်မာ့ခရီးသွားလုပ်ငန်းအား တစ်ဖက်တစ်လမ်းမှ များစွာအထောက်အပံ့ပြုလျက် ရှိပါသည်။

ထို့အပြင် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ တည်ထောင်ခြင်းဖြင့် ဒေသခံပြည်သူများကို ဝင်ငွေတိုးတက်စေပြီး ဒေသဖွံ့ဖြိုးရေးကိုပါ အထောက်အကူပြုနိုင်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ကျန်ရှိနေသည့် သဘာဝသစ်တောများသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိစေမည့် သဘာဝခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများစွာ ရှိနေပါသည်။ တစ်နည်းအားဖြင့် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း တိုးတက်လာသည်နှင့်အမျှ နိုင်ငံ့စီးပွားရေးအတွက် သစ်ထုတ်လုပ်မှု လျာထားချက်လျော့နည်းလာနိုင်ပြီး သစ်တောထိန်းသိမ်းရေးအတွက် များစွာအထောက်အကူပြုလျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် သစ်တောရေးရာဝန်ကြီးဌာနသည် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ပူးပေါင်းပြီး သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းစကားပါးရင်း အမိမြန်မာနိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အပံ့ပေးနေသည့်၊ သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်းများအကြောင်း အများပြည်သူ သိရှိလေ့လာနိုင်ရန် စုစည်းလေ့လာ တင်ပြလိုက်ရပါသည်။ ။



## တွေ့ဆုံမှာကြား

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ပြည်သူ့ဆေးရုံ၌ မြို့နယ်ဆရာဝန်နှင့် ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။**

(သတင်းစဉ်)

# ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ဘားအံနှင့် လှိုင်းဘွဲမြို့နယ် ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဖေဖော်ဝါရီ ၉ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကု ဆရာဝန်ကြီးများနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများအားတွေ့ဆုံရာ ဆေးရုံအုပ်ကြီးက ဝန်ထမ်းအင်အား၊ ကုသရေးဌာနများနှင့် ကုသမှုအထောက်အကူပြု ဌာနများ၏ လုပ်ငန်းများ၊ အတွင်းလူနာများ တက်ရောက်ကုသမှုအခြေအနေ၊ စရိတ်မျှပေးကျန်းမာရေးစနစ်ဆောင်ရွက်မှု၊ အခမဲ့ဆေးကုသပေးမှုအခြေအနေ၊ အထူးကုဆရာဝန်ကြီးများ ကျေးရွာများသို့ ကွင်းဆင်းကုသပေးမှုအခြေအနေနှင့် ဆေးပဒေသာပင် စိုက်ထူထားရှိမှု အခြေအနေတို့ကို တင်ပြသည်။**

ထို့နောက် ဒုတိယဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၏ ရောဂါရှာဖွေရေးလုပ်ငန်းများတွင် မှန်ကန်တိကျရေးအတွက် ကောင်းမွန်သော အကဲဖြတ်ဆန်းစစ်မှုများ အစဉ်အမြဲလုပ်ဆောင်ရန် မှာကြားပြီး ဆေးသိုလှောင်ခန်း၊ သွားနှင့်ခံတွင်းကုသမှုဌာန၊ ရောဂါရှာဖွေရေးဌာန၊ အထူးကြပ်မတ်ကုသဆောင်၊ ပင်မခွဲစိတ်ခန်း၊ ဓာတ်မှန်ဌာန၊ ဆေးကုသဆောင်များ၊ ခွဲစိတ်ကုသဆောင်များနှင့် အထူးကြပ်မတ်ကုသဆောင် (Intensive Care Unit)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် လှိုင်းဘွဲမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး မြို့နယ်ဆရာဝန်နှင့် ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများအား တွေ့ဆုံပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဒုတိယဝန်ကြီးသည် ညနေပိုင်းတွင် ဘားအံမြို့နယ် အိန္ဒုတိုက်နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီးအတွင်းလူနာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မန္တလေးအလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား စမ်းသပ်ကုသ

**မန္တလေးအလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဖြူဝင်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာနိုင်ငံရုံးခွဲတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ကျန်းမာရေးဝန်ဆောင်မှုနှင့် ငွေကြေးအကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားစဉ်။**

(သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

အလုပ်သမားဝန်ကြီးဌာန မန္တလေးအလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဖြူဝင်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့သည် ယနေ့တွင် မန္တလေးမြို့ရှိ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာနိုင်ငံရုံးခွဲတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား ကျန်းမာရေး စောင့်ရှောက်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြကြောင်း၊ အဆိုပါ အထူးကုဆရာဝန်ကြီးများအဖွဲ့တွင် သမားတော်ကြီး ဒေါက်တာခင်စန်းတင့်၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာစိုင်းအောင်စိန်၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာကျော်စိုး၊ မျက်စိအထူးကုဆရာဝန် ဒေါက်တာဝင်းလှိုင်၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး ဒေါက်တာခင်လှလှ၊ သားဖွားမီးယပ် အထူးကုဆရာဝန် ဒေါက်တာမျိုးမျိုးအောင်မူး၊ သွားဘက်ဆိုင်ရာ ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ကျွမ်းကျင် ကျန်းမာရေးဝန်ထမ်းများ ပါဝင်ကြကာ ဝန်ထမ်းများနှင့် မိသားစုဝင် ၁၅၇ ဦးတို့အား စမ်းသပ်စစ်ဆေးကုသ၍ လိုအပ်သောဆေးဝါးများ ပေးအပ်ခြင်း၊ ဆေးရုံတက်ရောက်ကုသမှုပေးရန် လိုအပ်သောဝန်ထမ်း ၂၄ ဦးအား မန္တလေးအလုပ်သမားဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုဆောင်ရွက်စေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။

ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဖြူဝင်းက အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ကျန်းမာရေးဝန်ဆောင်မှုနှင့် ငွေကြေးအကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေး အသိပညာပေးမေးခွန်းများ ဖြေဆိုနိုင်သည့် ဝန်ထမ်းသုံးဦးအား ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ဖေဖော်ဝါရီ ၅ ရက်က ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးသို့ ငွေကျပ် ၇၅၀၀၀၀ တန်ဖိုးရှိ ရေသန့်စက်၊ စတီးရေတိုင်ကီနှင့် ဆက်စပ်ပစ္စည်းတစ်စုံကို ကွယ်လွန်သူ ဗိုလ်ကြီးနေလင်းအောင် တစ်နှစ်ပြည့်အား ရည်စူး၍ မင်္ဂလာဒုံမြို့နယ်နေ ဦးလှညွန့်-ဒေါ်အေးအေးသိန်း (ရန်ပြေရွှေပြည်ဆားစက်လုပ်ငန်း) မိသားစုက ဆေးရုံခန်းမတွင် ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာစိုင်းလူနှင့် ပါမောက္ခ/ဌာနမှူး ဒေါက်တာသိန်းထွန်းတို့ လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။**

(၃၂)

✣ **ရွှေ့ဖုံးမှ**

ရောက်ရှိကြပြီး ထန်းတပင်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့၌ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန် မြစိမ်းရောင်ချောင်းအား တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်-ပုသိမ် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း ရန်ကုန် (လှိုင်သာယာ) ရန်ကုန်ဘူတာယာဒ်ဝင်းသို့ ရောက်ရှိကြပြီး လုပ်ငန်းများ စတင်ဆောင်ရွက်နေမှုနှင့် ယာဒ်ဝင်းအနီးရှိ မြစိမ်းရောင် ချောင်းအား မြန်မာ့မီးရထားမှ တူးဖော်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၇-၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ တေးဂီတအစီအစဉ်
၈:၂၀ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈:၃၀ ၉။ မျိုးမျိုးကွဲကွဲယဉ်ကျေးမှုအက
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ "ငှက်တစ်သောင်း"
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပုသိမ်မှန်စက်ရုံ
၄:၃၀ ၄။ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(ဓာတုဗေဒ ဘာသာရပ်)
၅:၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅ ၆။ အတီးပြိုင်ပွဲ
၅:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၅:၂၀ ၈။ သီချင်းကြီးပဒေသာ
၅:၂၅ ၉။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၅:၃၅ ၁၀။ Haydn Suite (ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများ) T.T.C Symphony Orchestra
၅:၄၀ ၁၁။ စူပါတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၄။ မြန်မာ့လေ့ရိုးရာလက်ဝှေ့
၆:၃၀ ၁၅။ **ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်**
၇:၀၀ ၁၆။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၇:၃၅ ၁၇။ အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ ဖျော်ဖြေခန်း
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)
၂၀။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (တနင်္သာရီတိုင်း)
၂၁။ နိုင်ငံတကာသတင်းများ
၂၂။ မိုးလေဝသအခြေအနေ
၂၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၂၁)**
၂၄။ **မြန်မာဗီဒီယိုဇာတ်လမ်း "နတ်ပန်းချီ" (မင်းမော်ကွန်း၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-အောင်ဗပါဝါ)**
၂၅။ အစီအစဉ်ပြီး၏။



**အမက(၄)စမ်းချောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၁၇ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်ပြည့်စုံအောင်အား ကျောင်းအုပ်ကြီး ဦးဝင်းငွေး ဆုချီးမြှင့်စဉ်။**

(ပညာရေး)

# အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့ကြသော အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအောက်ရှိ ယဉ်ကျေးမှုဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် အာဆီယံဒေသတွင်းရှိ ဒြပ်မဲ့ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး- ရိုးရာအကပုံစံများ ဆိုင်ရာလေ့ကျင့်ပေးရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသော အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များသည် ယနေ့ နံနက်ပိုင်း၊ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားပြတိုက် ညွှန်ကြားရေးမှူး ဒေါ်နုမြဖုံ၊ အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး ဦးကျော်ဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)



# ၁၉၉၄-၁၉၉၅ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

၁၉၉၄-၁၉၉၅ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ၏ ပထမအကြိမ် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲကို မတ် ၇ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်း ရွှေမာလာရိပ်မွန် Lioncity Restaurant ၌ ကျင်းပမည်ဖြစ်သည်။ ဆရာကန်တော့ပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လိုသူများသည် ဦးသန့်ဇင် ဖုန်း-၀၉-၅၀၁၁၉၅၉၊ ဦးနေလင်းအောင် ဖုန်း-၀၉-၅၀၆၉၇၄၁၊ ဦးရဲနိုင် ဖုန်း- ၀၉-၅၁၃၅၃၈၀၊ ဦးထွန်းဇော်သောင်း ဖုန်း-၀၉-၅၀၀၁၃၉၁၊ ဦးကိုကိုမောင် ဖုန်း- ၀၉-၅၀၄၄၇၁၆၊ ဦးကျော်ကျော်အောင် ဖုန်း-၀၉-၈၇၂၀၉၀၅၊ ဦးဝင်းခိုင် ဖုန်း- ၀၉-၅၁၆၁၈၈၀၊ ဒေါ်ငွေငွေအောင် ဖုန်း-၀၉-၅၀၇၀၂၈၄၊ ဒေါ်ထားထားလွင် ဖုန်း-၀၉- ၅၁၁၀၂၂၇၊ ဒေါ်အေးသန္တာခိုင် ဖုန်း-၀၉-၅၀၀၄၉၆၄၊ ဒေါ်ရင်ရင်မြိမ်း ဖုန်း- ၀၉-၅၀၆၈၃၂၄နှင့် ဒေါ်စုလှိုင်ထွန်း ဖုန်း- ၀၉-၅၁၂၈၀၃၄တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## စာအုပ်စာပေ လှူ့မိတ်ဆွေ

# (၆၅)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှု စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

# ဒုတိယဝန်ကြီး ဦးတင့်ဆွေ ထားဝယ်-မြိတ် ကားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ဖေဖော်ဝါရီ ၁၀ ရက်တွင် ထားဝယ်-မြိတ် ကားလမ်းတစ်လျှောက် လမ်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် လမ်းအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၁၈/၄)အနီးရှိ ဝင်းဝတံတားကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ အဆိုပါလမ်း မိုင်တိုင်အမှတ် (၅၁/၀)ရှိ သင်ပုန်းချောင်းတံတား ရေလယ်တိုင်များ တည်ဆောက်ပြီးစီးမှုနှင့် မိုင်တိုင်အမှတ်(၇၄/၀) နှင့် (၇၄/၁)ကြားရှိ ပလောက်တံတား ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တနင်္သာရီတိုင်း အင်ဂျင်နီယာမှူးကြီး၊ ခရိုင်အင်ဂျင်နီယာမှူးများနှင့် တာဝန်ခံအင်ဂျင်နီယာများအား လိုအပ်သည်များကို မှာကြားကာ မိုင်တိုင်အမှတ် (၈၃/၆) အနီး တော်ဝင်တံတား တည်ဆောက်ခြင်းလုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မိုင်တိုင်အမှတ်(၈၈/၀) အနီးရှိ နန်းပရုပ်တံတား နိမ့်ကျနေမှုကို တိုင်ထောက်ခြင်းနှင့် မြေကာရေတားနံရံ ပြုလုပ်ထားမှု၊ မြိတ်မြို့ရှောင်ကွင်းလမ်း (ဘုတ်-ဒေါ-မဇော်ပြင်ကြီး)၌ ကျောက်ခင်းကြိတ်ခြင်း ဆောက်ရွက်နေမှုနှင့် အလယ်ချောင်းကျေးရွာအနီးရှိ အလယ်ချောင်းတံတား ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မြိတ်မြို့ရှောင်ကွင်း လမ်း ဖောက်လုပ်ရေးလုပ်ငန်းစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက လမ်းဖောက်လုပ်မှု အခြေအနေနှင့် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက လမ်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေါ်ရွာအနီးလမ်း၌ ကျောက်ခင်းကြိတ်နေမှုအခြေအနေနှင့် ကွဲကူး-ကျောက်ဖြာတံတား ကြံ့ခိုင်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ မြိတ်မြို့ ဒေါ်ရွာအနီးတွင် ကျောက်များ ခင်းကြိတ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

✷**နွေစပါးမှ**

ဝိုင်းမော်မြို့နယ် ဝါရှောင် ရေလှောင်ဆည်၏ ရေသောက်ဧရိယာအတွင်း၌ ဝါရှောင်ကျေးရွာ၊ နန်ဝါကျေးရွာ၊ ဝူယန်ကျေးရွာ၊ မဒိန်ကျေးရွာ၊ မြို့မ(၁)ကျေးရွာ၊ မြို့မ(၂)ကျေးရွာ၊ မြို့မ(၃)ကျေးရွာ၊ မြို့မ(၄)ကျေးရွာ၊ မြို့မ(၅)ကျေးရွာ၊မုတ်လွဲကျေးရွာ၊ခတ်ချိုကျေးရွာနှင့် နောင်စီပေါကျေးရွာတို့ ပါဝင်ပြီး မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်ကြသည်။

ကချင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝါရှောင်ရေလှောင်ဆည်ကို ၁၉၆၂-၆၃ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၆၆-၆၇ ဘဏ္ဍာနှစ်တွင် ပြီးစီးခဲ့သည်။ ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာအနီး ရေလှောင်ဆည်တစ်ခုတည်ဆောက်၍ ဝိုင်းမော်မြို့နယ်အတွင်း လယ်မြေများကို တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ရည်ရွယ်ချက်ဖြင့် ဝါရှောင်ရေလှောင်ဆည်ကို ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာအနီး နန့်မြင်းခချောင်းပေါ်၌ တည်ရှိသည်။

ဝါရှောင်ရေလှောင်ဆည်သည် ရေဆင်းဧရိယာ ၁၅၈ စတုရန်းမိုင်ရှိသည့် အိုဂီးပုံကွန်ကရစ် ရေလှောင်ဆည်ဖြစ်ပြီး ဆည်အမြင့် ၂၁ ပေ၊ ဆည်အလျား ၂၅၀ ဒသမ၅ပေ၊ တူးမြောင်းမကြီးအလျား ၆၀၈၁၂ပေ၊ လက်တံမြောင်းအလျား ပေ၂၇၃၁၁၀နှင့် ဆည်ရေပေးနိုင်သည့် ဧက ၁၁၇၆၂ဧကဖြစ်သည်။

ဝိုင်းမော်မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ) ဦးဝေဖြိုးကျော်က “၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှာ ဝါရှောင်ရေလှောင်ဆည်ရေသောက် ဧရိယာ အတွင်းပါဝင်တဲ့ ကျေးရွာတွေမှာ နွေစပါးစိုက်ပျိုးမှာဖြစ်ပါတယ်။ နွေစပါး တိုးချဲ့စိုက်ပျိုးရေးအတွက် ဝါရှောင်ရေလှောင်ဆည်ဟာ အရေးပါတဲ့အနေအထားမှာ ရှိပါတယ်။ ဝါရှောင်ရေလှောင်ဆည် နှစ်စဉ်ရေကြီးမှု ကာကွယ်ဖို့ ဆည်မြောင်းဦးစီးဌာနရုံးချုပ် ဒီဇိုင်းနဲ့ ပုံထုတ်ဌာနခွဲက တွက်ချက်ဒီဇိုင်း ထုတ်ထားတဲ့ အကျယ်ပေ ၃၀ရှိ သံကူကွန်ကရစ် ရေပိုလွှဲကို ပွင့်လင်းရာသီမှာ အပြီး တည်ဆောက်သွားမှာ ဖြစ်ပါတယ်” ဟု ပြောကြားသည်။ ဝါရှောင်ရေလှောင်ဆည်ရှိ တူးမြောင်း အဆောက်အအုံများနှင့် သဲနုန်းထုတ်ခြင်းလုပ်ငန်းကို နှစ်စဉ် ဆောင်ရွက်လျက်ရှိရာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း တူးမြောင်း အဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းကို မိုးရာသီ၌ ဆောင်ရွက်ပြီး သဲနုန်းထုတ်ခြင်းလုပ်ငန်းကို ပွင့်လင်းရာသီတွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအားဖြင့် နွေစပါး တိုးချဲ့စိုက်ပျိုးနိုင်ရေးကို အထောက်အကူပြုမည့်အပြင် ရေလေလွင့်ဆုံးရှုံးမှုကိုလည်း ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။



**ဝိုင်းမော်မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ) ဦးဝေဖြိုးကျော်က ဝါရှောင်ရေလှောင်ဆည် ရေသောက်ဧရိယာ အတွင်းရှိ ကျေးရွာများ၌ နွေစပါးစိုက်ပျိုးမည့် အခြေအနေကို ရှင်းလင်းပြောကြားစဉ်။**

**အထောက်အကူပြု**

ဝါရှောင်ရေလှောင်ဆည်သည် ယခုအခါ သက်တမ်း ၅၃ နှစ်ကျော်ခဲ့ပြီဖြစ်၍ သက်တမ်းရင့်ရေလှောင်ဆည်တစ်ခုဖြစ်သည်။ သို့သော်လည်း ထိန်းသိမ်းစောင့်ရှောက်မှုကောင်းမွန်သည်နှင့်အမျှ ဝါရှောင်ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးထားသော လယ်မြေများ ရေအပြည့်အဝရရှိပြီး နွေစပါး တိုးချဲ့စိုက်ပျိုးရေးကိုပါအထောက်အကူပြုလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။



## ဝါရှောင်ရေလှောင်ဆည်၏ မိုးစပါး၊ နွေစပါး နှစ်အလိုက် စိုက်ပျိုးနိုင်မှုအခြေအနေ

| စဉ် | ခုနှစ် | မိုးစပါးစိုက်ပျိုးမှု | နွေစပါးစိုက်ပျိုးမှု |
|---|---|---|---|
| ၁ | ၂၀၀၃-၂၀၀၄ | ၁၁၇၆၂ | ၆၈၀ |
| ၂ | ၂၀၀၄-၂၀၀၅ | ၁၁၇၆၂ | ၅၂၂ |
| ၃ | ၂၀၀၅-၂၀၀၆ | ၁၁၇၆၂ | ၂၂၄၀ |
| ၄ | ၂၀၀၆-၂၀၀၇ | ၁၁၇၆၂ | ၂၁၀၉. ၆၃ |
| ၅ | ၂၀၀၇-၂၀၀၈ | ၁၁၄၅၂ | ၂၃၂၂ |

## ဝါရှောင်ဆည်၏ ရေကြီးမှုမှတ်တမ်း

| စဉ် | ရက်စွဲ | ရေကြီးမှုဖြစ်စဉ် ရောက်ရှိခဲ့သည့်ရေမှတ်(ပေ) | မှတ်ချက် |
|---|---|---|---|
| ၁ | ၁၃-၈-၁၉၈၃ | ၅၉၄. ၅ | ပထမအကြိမ် |
| ၂ | ၂၀-၇-၁၉၈၄ | ၆၀၂. ၀ | ဒုတိယအကြိမ် |
| ၃ | ၇-၉-၂၀၀၀ | ၅၉၉. ၅ | တတိယအကြိမ် |
| ၄ | ၁၁-၈-၂၀၀၃ | ၆၀၂. ၀ | စတုတ္ထအကြိမ် |
| ၅ | ၅-၇-၂၀၀၆ | ၆၀၀. ၀ | ပဉ္စမအကြိမ် |

**ရေများ ဖြန့်ဝေပေးနေ**

**ဝါရှောင်ရေလှောင်ဆည်၏ တူးမြောင်းမကြီးမှ တစ်ဆင့် နွေစပါးစိုက်ပျိုးမည့် ကျေးရွာများသို့ ရေများ ဖြန့်ဝေပေးနေမှုကို တွေ့ရစဉ်။**

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

**သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဖားရွှေကျော်မြေသားလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပရာ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်းလှိုင်နှင့် အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (မြို့နယ်စည်ပင်)



**ပြန်လည်ပေးအပ်**

**ဖေဖော်ဝါရီ ၁၆ ရက်က လူမှုဖူလုံရေးအဖွဲ့အာမခံ အလုပ် သမားလူနာ ဦးစိန်မြ (ဌာနခွဲမှူး) (ပိုတိုလစ်သိုနှင့် ပုံနှိပ်စက်ရုံ) ၏ ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးတွင် နှလုံးခွဲစိတ်ကုသမှုခံယူရာ၌ ကုန်ကျငွေကျပ် ၁၅၂၈၂၈၀ ကို လူမှုဖူလုံရေးအဖွဲ့ ရန်ကုန်အလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာခိုင်ချိုမြင့်က ဦးစိန်မြထံ ပြန်လည်ပေးအပ်စဉ်။** (သတင်းစဉ်)



# လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၀၉ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်နီနီဝင်း၊ ဒေါ်မြသီဂီနှင့် ဒေါ်ခင်မိမိ၊ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မြင့်ကြည်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စေတနာရှင် အလှူရှင် ၃၄ ဦးတို့က အလှူငွေစုစုပေါင်း ငွေကျပ် ၃၈၂ သိန်း ခုနစ်သောင်းကို ပေးအပ်လှူဒါန်းကြရာ နာယကအဖွဲ့ဝင်များနှင့် ဥက္ကဋ္ဌတို့ကလက်ခံကြပြီး အလှူရှင်များနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည့် Asia World Co.,တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်မြင့်ကြည်က ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)



**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၀၉ခုနှစ် နှစ်ပတ်လည်အစည်းအဝေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေပေးအပ်လှူဒါန်းပွဲ ကျင်းပစဉ်။** (သတင်းစဉ်)



**မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr.Tomas Ojea Quintana ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ အများစုပါဝင်သော သံတမန်အဖွဲ့ဝင် ၃၆ဦးနှင့် တွေ့ဆုံစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr.Tomas Ojea Quintana နှင့်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr. Tomas Ojea Quintana နှင့်အဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် Mr.Tomas Ojea Quintanaသည် နံနက် ၁၀နာရီ ၃၅ မိနစ်တွင် တာမွေမြို့နယ် နတ်မောက်လမ်းရှိ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်ရုံး၌ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် Mr.Tomas Ojea Quintana သည် မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ အများစုပါဝင်သော သံတမန်အဖွဲ့ဝင် ၃၆ဦးနှင့် ရန်ကုန်မြို့ရှိ မြရိပ်ညိုဟိုတယ်၌ တွေ့ဆုံသည်။

ဆက်လက်၍ Mr.Tomas Ojea Quintanaသည် ညနေ ၃နာရီတွင် ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေများဖြစ်ကြသော ဦးကြည်ဝင်း၊ ဦးဉာဏ်ဝင်း၊ ဦးလှမျိုးမြင့်နှင့် ဒေါ်ခင်ဌေးကြွယ်တို့နှင့် တွေ့ဆုံသည်။

ယင်းနောက် Mr.Tomas Ojea Quintana သည် ညနေ ၄နာရီတွင် ရန်ကုန်တိုင်းမှ ခရိုင်တရားသူကြီးများဖြစ်ကြသော ဦးသောင်းညွှန့်နှင့် ဦးညီညီစိုးတို့အား ဆက်လက်တွေ့ဆုံသည်။

ညပိုင်းတွင် Mr.Tomas Ojea Quintana နှင့်အဖွဲ့ဝင်များအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးမြတ်ကိုက မြရိပ်ညိုဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

# လှိုင်သာယာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ စည်းဝေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

လှိုင်သာယာမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ မျက်နှာစုံညီအစည်းအဝေးကို ဇန်နဝါရီ ၃၀ရက်က မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံး၌ကျင်းပရာ သဘာပတိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်မြင့်အေးနှင့် မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်) တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ရွေးချယ်တင်မြှောက်ပွဲကျင်းပရာ ဥက္ကဋ္ဌ ဦးမြတ်ဝေတိုး(မြတ်ဝေတိုး-ပညာရေးတက္ကသိုလ်)၊ ဒုတိယဥက္ကဋ္ဌ ဦးဆန်းဝင်း (ဆန်းဝင်း-အောင်မြေ)၊ အတွင်းရေးမှူး ဦးတင်ထွေး(ကိုမာတိ-ပန်းတောကြီး)၊ တွဲဖက်အတွင်းရေးမှူး ဦးအုန်းမြင့် (အရှေ့တိုင်းအုန်းမြင့်)၊ ဘဏ္ဍာရေးမှူးဦးဇာနည်ကျော် (အနောက်ပိုင်းတက္ကသိုလ်)နှင့် အမှုဆောင်နှစ်ဦးတို့ပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ပြီး ညီလာခံကိုယ်စားလှယ်အဖြစ်ဥက္ကဋ္ဌ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)နှင့် အတွင်းရေးမှူး (ကိုမာတိ-ပန်းတောကြီး)တို့အား ရွေးချယ်တင်မြှောက်ကြောင်း သိရှိရသည်။

(စာပေနှင့်စာနယ်ဇင်း)

# ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂နာရီထိ ကမ္ဘာအေးစေတီလမ်း ဇီဝိတဒါနသံဃာ့ဆေးရုံ၌ ကျင်းပမည်ဖြစ်ရာ ရေနံချောင်း မြို့နယ်သူ၊ မြို့နယ်သားများ၏ သားသမီးများ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိသူများသည် ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ ဦးလှရွှေ ဥက္ကဋ္ဌ ဖုန်း-၅၇၂၄၄၀၊ ၀၉၅၁၅၆၈၆၅၊ ဦးစံလွင် အတွင်းရေးမှူး ဖုန်း-၆၄၁၆၂၉၊ ဦးတင်မောင်သန်း ဘဏ္ဍာရေးမှူး ဖုန်း-၅၄၂၄၂၄နှင့် ဦးတင်မြင့် တွဲဖက်အတွင်းရေးမှူး ဖုန်း-၅၅၂၉၅၇တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)



**ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ငွေကျပ် ၁၂ သိန်းတန်ဖိုးရှိ Oxylone (Oxymetholone 50mg) 1500 Tablet များအား လည်းကောင်း၊ မြောက်ဥက္ကလာပ အထွေထွေဆေးရုံကြီးတွင် ငွေကျပ် ငါးသိန်းခြောက်သောင်းတန်ဖိုးရှိ Oxylone (Oxymetholone 50mg) 700 Tablet နှင့် ရန်ကုန်ကလေးဆေးရုံကြီးတွင် ငွေကျပ်ငါးသိန်းခြောက်သောင်းတန်ဖိုးရှိ Oxylone (Oxymetholone 50mg) 700 Tablet တို့အားလည်းကောင်း စုစုပေါင်း ငွေကျပ်နှစ်ဆယ့်သုံးသိန်းနှစ်သောင်း တန်ဖိုးရှိ ဆေးများကို Wut Hmone Trading Co., Ltd. မှ လှူဒါန်းရာ M.D ဒေါ်ခင်ဇာငြိမ်းက ရန်ကုန်အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာသို့ Oxylone ဆေးဝါးများ လှူဒါန်းစဉ်။** (ကြေးမုံ)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၇-၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၀ ၅။ မေးမြန်းစူးစမ်း
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅း၂၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၃၀ ၉။ ကျန်းမာသုတ
- ၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ **Mail Box**
- ၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် -လူစွမ်းကောင်းလေးဖော် (အပိုင်း-၁၁)
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်သူ့မေတ္တာ (အပိုင်း-၂၂)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ အိုင်စီတီသုတ
- ၂၁။ ရယ်ရွှင်စရာဟာသပဒေသာ -ကျွန်တော်ပြောချင်တဲ့ သူတို့အကြောင်း (အရိုင်း၊ စိုပြေ၊ ဆင်မ၊ ပေဒါ ဖိုးကျော်၊ မိုးယံဇွန်၊ ချစ်စု၊ အိဖြိုးချယ်ရီ၊ တက္ကသိုလ် ဝွမ်းပုံ၊ မျိုးမျိုးခိုင်) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း (အပိုင်း-၂၁)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

# ဇန်နဝါရီလအတွင်း နိုင်ငံတစ်ဝန်းမှ မူးယစ်ဆေးဝါးအမှုပေါင်း ၂၀၅ မှု ဖမ်းဆီးရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဇန်နဝါရီလအတွင်း နိုင်ငံတစ်ဝန်းမှ မူးယစ်ဆေးဝါးအမှုပေါင်း ၂၀၅ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၂၃ မှု အလေးချိန် ၁၀ ဒသမ ၉၄၂၅၉ ကီလို၊ ဘိန်းဖြူ ၆၅မှု အလေးချိန် ၅ ဒသမ ၉၆၂၉၉ ကီလို၊ ဘိန်းဆီ ၁၇ မှု အလေးချိန် သုည ဒသမ ၄၄၈၈၅ ကီလို၊ အဆင့်နိမ့်ဘိန်း တစ်မှု အလေးချိန် သုညဒသမ ၀၅၁၁ ကီလို၊ ဆေးခြောက် ၁၃မှု အလေးချိန် ၃၄ ဒသမ ၃၄၅၉ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၇ မှု ၉၃၃၇၉ ပြား၊ ဘိန်းစာမှုန့် ကိုးမှု အလေးချိန် ၃၁ ဒသမ ၇၂၁၅ကီလို၊ အယ်ပရာဇိုလမ် ၃၀ ပြား၊ အက်ဖိဒရင်း အလေးချိန် သုည ဒသမ ၀၀၂၆ ကီလို၊ ကဖင်း တစ်မှု အလေးချိန် ၉၂၀ ကီလို၊ အိုက်(စ်)နှစ်မှု အလေးချိန် ၁၇ ဒသမ ၈၀၅ ကီလို၊ ဒိုင်ယာဇီပင်ထိုးဆေး တစ်မှု ၂၄ ပုလင်း၊ ထရာမဒေါဆေးတောင့် သုံးမှု ၇၆၃ တောင့်၊ ဓာတုဆေးရည် တစ်မှု အလေးချိန် ၃၅၄ လစ်တာ၊ ဘိန်းရည်တစ်မှု အလေးချိန် ၁ဒသမ ၀၂ လစ်တာ၊ ချောင်းဆိုးပျောက်ဆေးရည် အလေးချိန် တစ်လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ၉၇၅ ကီလို၊ အခြားအမှု တစ်မှု ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ယင်းကဲ့သို့ အမှုပေါင်း ၂၀၅မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၂၂၂ ဦးနှင့် တရားခံ မ ၅၆ ဦး စုစုပေါင်း ၂၇၈ ဦးတို့ကို ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# AFC Challenge Cup ပြိုင်ပွဲဝင်ရန် မြန်မာအသင်းထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် AFC Challenge Cup ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင် ဦးသိန်းအောင် (အကြံပေးပုဂ္ဂိုလ်၊ ဘောလုံးအဖွဲ့ချုပ်)၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးတင်အောင်(အတွင်းရေးမှူး၊ ဘောလုံးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူ ဦးမောင်မောင် (ဒု-တာဝန်ခံ၊ နည်းစနစ်ဌာန၊ ဘောလုံးအဖွဲ့ချုပ်)၊ နည်းစနစ် အကြံပေး ဦးတင်ဟန် (မကွေး F.C)၊ နည်းပြချုပ် ဦးတင်မြင့်အောင် (Delta United)၊ လက်ထောက်နည်းပြများ ဦးမျိုးလှိုင်ဝင်း (ရန်ကုန်ယူနိုက်တက်)နှင့် ဦးစိုးမိုး (ဇေယျာရွှေမြေ)၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော် (Delta United)၊ မီဒီယာတာဝန်ခံ ဦးစိုးမိုးကျော် (ဘောလုံးအဖွဲ့ချုပ်)၊ ဆရာဝန်အဖြစ် ဒေါက်တာကျော်စိုးနိုင်၊ အကြောပြင်ကျွမ်းကျင်သူ ဦးစစ်လွင်ကိုနှင့် ဂိုး-သီဟစည်သူ (Delta United) အောင်အောင်ဦး (ရန်ကုန်ယူနိုက်တက်)၊ နောက်တန်း-ဇော်လင်းထွန်း-၂ (ဇေယျာရွှေမြေ)၊ ရန်အောင်ဝင်း (ရန်ကုန်ယူနိုက်တက်)၊ ဟန်ဝင်းအောင် (ကမ္ဘောဇ)၊ ခင်မောင်ထွန်း (ရတနာပုံ)၊ ငွေအောင် (ရန်ကုန်ယူနိုက်တက်)၊ ရွှေလှိုင်ဝင်း (ရန်ကုန်ယူနိုက်တက်)၊ ဝင်းမင်းထွန်း (ကမ္ဘောဇ)၊ မိုးဝင်း (ကမ္ဘောဇ)၊ အလယ်တန်း-မျိုးမင်းထွန်း (ရန်ကုန်ယူနိုက်တက်)၊ ခင်မောင်လွင် (ကမ္ဘောဇ)၊ အေးဆန်း (ကမ္ဘောဇ)၊ ထွန်းထွန်းဝင်း (ရတနာပုံ)၊ ပိုင်စိုး (ရတနာပုံ) ပြည့်ဖြိုးဦး (မကွေး)၊ အောင်ကျော်မိုး (ရတနာပုံ)၊ ဇော်ထက်အောင် (မကွေး)၊ ရန်အောင်ကျော် (ရန်ကုန်ယူနိုက်တက်) ရှေ့တန်း - ရန်ပိုင် (ရတနာပုံ)၊ စိုးမင်းဦး (ကမ္ဘောဇ)၊ ကျော်သီဟ(ကမ္ဘောဇ)နှင့် ကျော်ကိုကို (ဇေယျာရွှေမြေ)တို့ လိုက်ပါသွားကြသည်။

AFC Challenge Cup ပြိုင်ပွဲကို အုပ်စုနှစ်စုခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စု(က)၌ တာဂျစ်ကစ္စတန်၊ မြန်မာ၊ (အိမ်ရှင်) သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု (ခ)တွင် အိန္ဒိယ၊ မြောက်ကိုရီးယား၊ တာခ့်မင်နစ္စတန်နှင့် တာဂျစ်စတန်အသင်းတို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် ဖေဖော်ဝါရီ ၁၆ ရက်တွင် သီရိလင်္ကာအသင်း၊ ၁၈ ရက်တွင် ဘင်္ဂလားဒေ့ရှ်အသင်း၊ ၂၀ ရက်တွင် တာဂျစ်ကစ္စတန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

## မြန်မာနိုင်ငံအထက်ပိုင်းဒေသများ နေရာကွက်ကျား မိုးရွာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

**ယနေ့နံနက် ၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ပဲခူးတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** နမ့်စန်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ မချမ်းဘောမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ ။** ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**ဖေဖော်ဝါရီ ၁၇ ရက် ညနေထိခန့်မှန်းချက် ။** ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင် ။** ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။** ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။



**မရမ်းကုန်းမြို့နယ် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း၌ ဖေဖော်ဝါရီ ၄ ရက်က ဦးခင်လှိုင်-ဒေါ်အုန်းလှ၏သမီး စတုတ္ထတန်း(က)မှ မသန္တာလှိုင်၏ (၁၀) နှစ်ပြည့် မွေးနေ့အလှူဒါနအဖြစ် ကျောင်းသား၊ ကျောင်းသူများအား မုန့်ဟင်းခါး အာဟာရကျွေးမွေးစဉ်။** (မြို့နယ်ပြန်/ဆက်)



**ဖျာပုံမြို့နယ် ကျုံကူကျေးရွာအုပ်စု ကျုံကူတူးမြောင်းကျေးရွာ အမှတ်(၈၈) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖေဖော်ဝါရီ ၉ ရက်က ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူလေးများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများကို ပေးအပ်ချီးမြှင့်စဉ်။** (၁၆၈)

## ၂၀၁၀ ခုနှစ် နှစ်သစ်ကူးအထိမ်းအမှတ် ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် နှစ်သစ်ကူးအထိမ်းအမှတ် ဘတ်စကက်ဘောပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်တွင် ရန်ကုန်မြို့ရှိ ကျိုက္ကဆံဘတ်စကက်ဘော အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းက အမျိုးသား (၁၈)နှစ်နှင့်အောက် 3 on 3 ပြိုင်ပွဲတွင် တတိယဆုရ M.B.A STAR အသင်း၊ ဒုတိယဆုရ K.K.S(A)အသင်းနှင့် ပထမဆုရ BULLET အသင်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အမှုဆောင်ဒေါ်ခင်အုန်းမြင့်က အမျိုးသမီးအလွတ်တန်း 3 on 3 ပြိုင်ပွဲတွင် တတိယဆုရ PRECIOUS အသင်း၊ ဒုတိယဆုရ BULLET အသင်းနှင့် ပထမဆုရ FRIENDSHIP အသင်းတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက အမျိုးသားအလွတ်တန်း 3on 3 ပြိုင်ပွဲတွင် တတိယဆုရ K.K.Sအသင်း၊ ဒုတိယဆုရ တွေ့မရှောင်အသင်းနှင့် ပထမဆုရ သံလွင်အသင်း၊ အမျိုးသား(၃၅)နှစ်အထက် 5 on 5 ပြိုင်ပွဲတွင် တတိယဆုရ အရှက်ဦး (A) အသင်း၊ ဒုတိယဆုရ K.K.Sအသင်းနှင့် ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပေါ်တိုနှင့် အာဆင်နယ်၊ ဘိုင်ယန်မြူးနစ်နှင့် ဖီအိုရင်တီးနားတို့ ဆုံတွေ့မည့် ချန်ပီယံလိဂ်ရှုံးထွက် ပထမအကျော့ ဒုတိယနေ့ပွဲစဉ်များ

ချန်ပီယံလိဂ်(၁၆)သင်း အဆင့် ရှုံးထွက် ပထမအကျော့ ဒုတိယနေ့ ပွဲစဉ်များဟာ ခြေညီတဲ့အသင်းတွေ ဆုံတွေ့တဲ့ ပွဲစဉ်တွေဖြစ်တာကြောင့် အကြိတ်အနယ်ရှိပြီး ကြည့်ကောင်းတဲ့ ပွဲတွေ ဖြစ်လာဦးမှာပါ။ ရှုံးထွက်ပွဲစဉ်ရောက်ရှိလာပြီဖြစ်တာနဲ့အညီ အသင်းတိုင်းက ခြေကုန်ထုတ်ပြီး နောက်တစ်ဆင့်တက်နိုင်ရေး ကြိုးစားလာတော့မှာပါ။

### ပေါ်တို-အာဆင်နယ်

နှစ်သင်းလုံးက ပြည်တွင်းပြိုင်ပွဲတွေမှာ ရုန်းကန်နေရသလို ခြေစွမ်းပိုင်းကလည်း အကောင်းကြီး မဟုတ်လှပါဘူး။ ဒါပေမယ့် ဒီအဆင့်က ရှုံးထွက်အဆင့်ဖြစ်နေတာကြောင့် နှစ်သင်းလုံး ခြေကုန်၊ သမ္မာကုန် ထုတ်သုံးကြတော့မှာပါ။ ပေါ်တို တိုက်စစ်အားနည်းမှုရှိပေမယ့် ပီရီယာ၊ အဲလ်ဗက်စ်၊ ရိုနာလ်ဒို၊ ဖူဆီလီတို့ရဲ့ ခံစစ်ပိုင်းက အမှားအယွင်းနည်းပြီး ထိုးဖောက်ရခက်ပါတယ်။ ဖာဘရီဂက်(စ်)၊ အာရှာဗင်၊ နာဆရီ၊ ဆောင်းတို့နဲ့ ပွဲထွက်လာမယ့် အာဆင်နယ် ကစားကွက်ကောင်းပြီး ဘောလုံးပိုင်ဆိုင်မှု အသာစီးရနိုင်ပေမယ့် ဂိုးသွင်းသေချာတဲ့ တိုက်စစ်မှူးစစ်စစ်ရှိမနေတာက အားနည်းချက်တစ်ရပ်ပါ။ ဒါကြောင့် ပေါ်တိုရဲ့ ဂရာဂါအို ကွင်းမှာ ဧည့်သည်အာဆင်နယ် သရေထက်ပိုမယ် မထင်ပါဘူး။

### ဘိုင်ယန်မြူးနစ်-ဖီအိုရင်တီးနား

ဂျာမန်ဘွန်ဒက်စ်လီဂါမှာ ခြေပြန်မှန်ပြီး အမှတ်ပေးဇယားထိပ်ကို ပြန်တက်လာတဲ့ ဘိုင်ယန်မြူးနစ်ဟာ ဒီပွဲမှာ ဂိုမက်ဇ်၊ အိုလစ်၊ ဘွန်မဲလ်၊ ရော်ဘင်၊ မူလာတို့နဲ့ ပွဲထွက်လာဖို့ ရှိနေပါတယ်။ ဖီအိုရင်တီးနားရဲ့ လက်ရှိခြေစွမ်းက အကျဘက်ကို ရောက်နေပြီး အီတလီစီးရီးအေ အမှတ်ပေးဇယား အလယ်အလတ်အဆင့်မှာ ရပ်တည်နေပါတယ်။ ဖီအိုရင်တီးနားမှာ ဂီလာဒီနို၊ ဆန်ဗာနာ၊ ဘိုလက်တီ၊ မွန်တိုလီဗိုတို့လို ကစားသမားကောင်းတွေရှိနေပေမယ့် ဘိုင်ယန်မြူးနစ်ရဲ့ အလိုင်းရက်စ်ကွင်းမှာ အိမ်ရှင်ကို အန်တုဖို့ဆိုတာ စိန်ခေါ်မှုတစ်ရပ်ပါ။ ဒီပွဲမှာ အိမ်ရှင်ဘိုင်ယန်မြူးနစ် ဂိုးမပြတ်ဘဲ အနိုင်ရသွားလိမ့်မယ်လို့ သုံးသပ်ရပါတယ်။

**ဝင်းတင်(ကြေးမုံ)**

**အဆင်အပြင်-တင်ထွန်းတာ**

## အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲကြပ်မတ်လျက်ရှိသည်။

အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ) သော ဆေးဝါးများဖြစ်ကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေးအာမခံချက် မရှိကြောင်း အသိပေးအပ်ပါသည်။

| စဉ် | ဆေးအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ |
|---|---|---|
| ၁။ | Tegretol CR 200 Tablet (Carbamazepine 200 mg) | Novartis (Bangladesh)Ltd, Bangladesh. |
| ၂။ | Durabolin 25 injection (Nandrolone Phenylpropionate BP 25 mg / ml) | Nuvista Pharma Ltd, Bangladesh. |
| ၃။ | Indever 10 tablet (Propranolol HCl BP 10 mg) | ACL Ltd, Bangladesh. |
| ၄။ | Oxy-Mycin Injection (Oxytetracycline HCl 100 mg/2ml) | Olan-Kemed Co., Ltd, Thailand. |
| ၅။ | Oxybid Tablet (Diclofenac Sodium IP 50 mg, Paracetamol IP 500 mg, Magnesium Trisilicate IP 100mg) | Astam Healthcare Pvt Ltd, India. |

အများပြည်သူတို့အနေဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါး ဥပဒေပုဒ်မ (၁၈)အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# နောင်ကား-နောင်ယွေး ကျောက်ချောလမ်းသစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

တောင်ကြီးမြို့ နောင်ကား - နောင်ယွေးကျေးလက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် နောင်ကားကျေးရွာ အဆိုပါလမ်းသစ် မုခ်ဦး၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

အစီအစဉ်အရ တာဝန်ရှိသူတစ်ဦးက လမ်းသစ်ဆောင်ရွက်ခဲ့မှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက လမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ်အလံများအား တိုင်းမှူးနှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။

**လမ်းသစ်စစ်ဆေး**

ယင်းနောက် လမ်းသစ်အားတာဝန်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် မြို့တော်ခန်းမ၌ ကျင်းပသည့် ဘိုင်အိုစူပရင်းဇီဝမြေဩဇာ ပေးအပ်လှူဒါန်းပွဲနှင့် ထုတ်လုပ်သုံးစွဲမှု နည်းပညာများ ရှင်းလင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**ဂုဏ်ပြုလွှာပေးအပ်**

ယင်းနောက် တာဝန်ရှိသူတစ်ဦးက ဘိုင်အိုစူပရင်းဇီဝမြေဩဇာပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှုအားပေး**

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများက အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ပြခန်းအတွင်း ပြသထားသည့် သီးနှံများ၏ မှတ်တမ်းဓာတ်ပုံများနှင့် ဇီဝမြေဩဇာနမူနာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကယားပြည်နယ်အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ကယားပြည်နယ် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးက ဖတ်ကြားပြီး ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက ပြခန်းအတွင်း ပြသထားသည့် အနာကြီးရောဂါကင်းဝေးရေးနေ့ အထိမ်းအမှတ် ပညာပေးပိုစတာနှင့် ဓာတ်ပုံများ၊ ကျန်းမာရေး စောင့်ရှောက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းညှိနှိုင်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက်က မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည် **(အောက်ပုံ)**က အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**သင့်သွေးဖြင့် အသက်ကယ်ပါ**





# တီတွဒ်-သောကြမ္မာ ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲ ပဲခူးတိုင်း ဒုတိယဥက္ကဋ္ဌ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်သည် ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက ပြည်မြို့နယ် တီတွဒ်ကျေးရွာ၌ ကျင်းပသည့် တီတွဒ်-သောကြမ္မာကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ လမ်းသစ်အား တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဒုတိယဥက္ကဋ္ဌသည် ပန်းတောင်းမြို့နယ် ပန်းတောင်း-ဥဿျစ်ပင်လမ်းပေါ်ရှိ မြစ်စစ်ကိုင်းတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး တာဝန်ရှိသူတို့နှင့်အတူ တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တံတားပေါ်သို့ ဖြတ်သန်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မန်းတောင်ခြေ ဘိုးဘွားရိပ်သာသို့ ဖေဖော်ဝါရီ ၈ ရက်က အောင်သပြေ ဦးအေး (၉)နှစ်ပြည့်အား ရည်စူး၍ မန္တလေးမြို့ (၂၇)လမ်း ပန်းဆိုးတန်း ညောင်ရမ်းပြတိုက် ကျောင်းအမကြီး ဒေါ်ခင်စု သားသမီးမြေးမြစ်တစ်စုတို့က အဘိုးဆောင်ပြုပြင်မွမ်းမံရန် အတွက် အလှူငွေကျပ် ၁၅ သိန်း လှူဒါန်းရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်အေးဝင်း၊ အတွင်းရေးမှူး ဦးစိုးလွင်နှင့် ကော်မတီဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။**

(၄၆၉)

**မြို့နယ် သတင်းများ**

# တနင်္သာရီမြို့နယ် တကူကျေးရွာ၌ အသိပညာပေး ဟောပြော

**မြိတ် ဖေဖော်ဝါရီ ၁၅**

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြိတ်ခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို တကူကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်နီနီချိုက စံ(၅)ချက်နှင့် ညီညွတ်သော ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်တိုင်းရင်းဆေးဦးစီးမှူး ဒေါ်ဝါဝါက မိမိတို့ပတ်ဝန်းကျင်ရှိ ဆေးဖက်ဝင်အပင်များ ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါအခမ်းအနားသို့ တနင်္သာရီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုဘိုမင်းသိုက်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

**ဟောပြော**

**စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ ဟောပြောပွဲကို အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စစ်တွေမြို့ ဓမ္မဇေယျာခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စစ်တွေခရိုင်ဦးစီးအရာရှိ ဒေါ်မြသန်း ဟောပြောစဉ်။**

(ခရိုင်ပြန်/ဆက်)









**တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မမြတ်မြတ်မွန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိမော် ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

(မြို့နယ် ပြန်/ဆက်)

**ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ဘက်စုံပညာရည်ထူးချွန်ဆုပေးပွဲတွင် မြို့နယ်တံခွန်စိုက် ပထမဆုရရှိသော အမက(၃) ညောင်ကုန်းရပ်ကွက်မှ ကျောင်းအုပ်ဆရာကြီး ဦးတင်စိုးအား မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးထန်ဆွင်းဒါးလ် ဆုချီးမြှင့်စဉ်။**

(ကြေးမုံ)



**ငွေပဒေသာပင် လှူဒါန်း**

**အလှူရှင် ဦးတင်ဆိုင်-ဒေါ်ကြည်ကြည်ဝင်း (ရှိုးကမ္ဘာပိုးထည်တိုက်) ယုဇနပလာဇာ ရန်ကုန်မှ တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာအတွက် အာဟာရပဒေသာပင် ငွေကျပ် သုံးသိန်းနှင့် ဘိုးဘွားများအတွက် ဝတ်စုံများကို အလှူရှင်ကိုယ်စား ဦးကြည်သိန်းက လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းကြိုင် လက်ခံယူစဉ်။**

(၃၄၂)

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**









ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဖန်ချက်စက်ရုံလမ်းနေ နှစ်ဖက်သော မိဘများအား အမှူးထား၍ ဖေဖေ ဦးသောင်းဌေး မေမေ ဒေါက်တာ ဒေါ်ယဉ်ယဉ်ကြူ မိသားစုတို့က သား မောင်မင်းခန့် (၁)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အတွက် တစ်နေ့လုံးစာ အထူးအာဟာရအဖြစ် ငွေကျပ် တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)











ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ မီးဘေး ကြိုတင်ကာကွယ်ရေး အတွက် ဇန်နဝါရီ ၁၀ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်း များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ ဝင်များနှင့် မြို့နယ် မီးသတ်တပ် ဖွဲ့ဝင်များပူးပေါင်း၍ ဇာတ်တိုက် လေ့ကျင့်ခြင်းကို တိုင်းမီးသတ် ဦးစီးမှူး ဦးကျင်သိန်း၊ ထားဝယ် ခရိုင်ရဲမှူးကြီး ဦးစိန်မြနှင့် အမှုဆောင်အရာရှိ ဦးအောင် ကျော်စိုးတို့ ကြီးကြပ်ဆောင် ရွက်စဉ်။ (မြို့နယ်စည်ပင်)






# တစ်အိမ်ထောင် ကျွန်းသုံးပင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု စစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန ရန်ကုန်တိုင်း ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့် လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးမင်းတို့သည် ကော့မှူးမြို့နယ် အတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးပြီးစီးခဲ့သော တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာ အပင်၂၀၊ တစ်ရွာ တစ်ဧက (ယူကလစ်)စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး **(အောက်ပုံ)** ညွှန်ကြားရေးမှူးက အောင်မြင်ဖြစ်ထွန်းလျက်ရှိသော တစ်ရွာ တစ်ဧက (ယူကလစ်)စိုက်ခင်းများကို ဒေသခံပြည်သူများနှင့် ဝန်ထမ်းများ ပူးပေါင်း၍စဉ်ဆက်မပြတ် ဆက်လက် ပြုစုထိန်းသိမ်းသွားကြရန် ကော့မှူးမြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများအား ဆွေးနွေးမှာကြားခဲ့သည်။

(ကြေးမုံ)



## အမြို့မြို့ အနယ်နယ် သတင်းများ

# ရွှေတောင်မြို့ ဆေးရုံးတန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းကျင်းမှု ကွင်းဆင်းစစ်ဆေး

**ရွှေတောင် ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့်အဖွဲ့သည် ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ပြီးသော ဆေးရုံးတန်းလမ်း(ကျန်အပိုင်း) ထပ်ပိုးကတ္တရာခင်းခြင်း(၁၂၁၅'× ၁၂'×၃")အား ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဟန်ရှိန်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်စိုးနိုင်တို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဖေဖော်ဝါရီ ၁ ရက်က ဦးကျော်လှ (သတင်းထောက်)၏ (၇၃)နှစ်ပြည့်မွေးနေ့ကုသိုလ်အဖြစ် သမာဓိ မိသားစုက တောင်ငူမြို့ ဇေယျာသီရိမိဘမဲ့ အမျိုးသမီးကလေးများ ပရဟိတ ဂေဟာရှိ ကျောင်းသူ ၅၀ ကျော်တို့အား တစ်နေ့စာကျွေးမွေးပြီး ကျောင်းသုံး ဗလာစာအုပ်များနှင့် ဘောပင်များ ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဂေဟာ အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ညို(အမေ့အိမ်)က အလှူရှင် မိသားစုသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၇၇၂)



## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မအေးငြိမ်းဖြူ(ခ)မရတနာ [၉/မထလ(နိုင်)၂၅၂၀၂၂] သည် မိဘများ၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ မိဘများအားအကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအတိုင်း ပြုမူဆောင်ရွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဖခင်-** **ဦးကျော်ဆွေ [၉/မထလ(နိုင်)၁၇၀၆၄၇]၊**

**မိခင်-** **ဒေါ်မိုးမိုးကျော်(ခ)ဒေါ်မိုးမိုး [၉/မထလ(နိုင်) ၁၇၉၇၂၂]**

**မီးသတိပြု ကာကွယ်မှု ပေါင်းစု ဆောင်ရွက်ကြ**

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။



## တောင်သူလယ်သမား ဦးကြီးများအတွက် အကျိုးများသော စိတ်ဝင်စားဖွယ်ရာ ရေကျနောက်စိုက် နည်းပညာ

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း - ဖေထွဏ်းဇော်(ရေစကြို) ▲ အဆင်အပြင် - ခိုင်သန္တာရွှေ**

ယနေ့ကာလတွင် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းလျက်ရှိခြင်းနှင့်အတူ လူမှုစီးပွားဘဝများသည်လည်း စည်ပင်ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့် အားလျော်စွာ နိုင်ငံစီးပွား ဖွံ့ထွားရေးအတွက် နိုင်ငံအတွင်း ရေ၊ မြေ၊ ရာသီဥတု စသည့် သဘာဝအခြေခံကောင်းများရှိသဖြင့် နိုင်ငံတော်အစိုးရမှ မြေယာသစ်များ ဖော်ထုတ်၍ သီးနှံများ တိုးတက်စိုက်ပျိုး ဖူလုံပိုလျှံစွာ လုပ်နိုင်ရန် ပြည်ထောင်စု

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၁၄ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းမြို့ မင်းရန်အောင်ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မှာကြားကာ အိမ်မိုးသွပ်၊ ဘိလပ်မြေ၊ ရေအားလျှပ်စစ်ဒိုင်နမို၊ ရေသွယ်ပိုက်၊ ခွဲစိတ်ခန်းသုံးမီးစက်၊ လျှပ်စစ်မီးကြိုး၊ ရုပ်မြင်သံကြားဖမ်းစက်နှင့် ဆန်အိတ်တို့ကို ပေးအပ်လှူဒါန်း၍ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ မက်မန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးဝါးကုသမှု ခံယူလျက်ရှိကြသော လူနာများအား အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများကို ပေးအပ်၍ ဆိုလာခန်း၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် ဆေးဝါးပစ္စည်းများနှင့် စာစောင်များကို ပေးအပ်သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✲**

## လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝါယာရှော့ဖြစ်ခြင်း (Wire Shock)၊ လျှပ်စစ်ဓာတ်အားမြင့်တက်ခြင်း (Over Loading)၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများအသုံးပြုခြင်း (Use of Defective Tools and Appliance)၊ မီးအားထိန်းကိရိယာ (Safe Guard) ချွတ်ယွင်း၍ အလိုအလျောက် (Auto) ပြုတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများ စတင်ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အား အသုံးပြုရာတွင် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများ မသုံးစွဲကြရန်၊ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် လျှပ်စစ်ပစ္စည်းများကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သောပစ္စည်းများ မထားရှိစေရေး သတိပေး နှိုးဆော်အပ်ပါသည်။